# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၇)

**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)



**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ် ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေမည်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၇ ရက်**

**သတင်းကြေညာချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။ ငွေစက္ကူသစ်ကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရငွေတိုက်များတွင်လည်းကောင်း ထုတ်ပေးပါမည်။

လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

ငွေစက္ကူသစ်နှင့် ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**တစ်သောင်းကျပ်တန်ငွေစက္ကူ**

| | | |
|---|---|---|
| အရွယ်အစား | ။ | ။ ၁၅ × ၇ စင်တီမီတာ |
| ပေါ်လွင်သောအရောင် | ။ | ။ အပြာရောင် |
| မျက်နှာစာဘက် | ။ | ။ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ်"စာတန်း ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံ၊ ၎င်းကိုဝန်းရံထားသော သပြေခက်နှစ်ခက်၊ |

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**




မျက်နှာဘက်




ကျောဘက်

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၈ ရက်)

# စာသင်ကျောင်းများနှင့် ကျန်းမာရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဟူသောအချက်သည် ကျောင်းကျန်းမာရေးက စသည်ဆိုလျှင် မှားမည်မဟုတ်ပေ။ အဘယ်ကြောင့်ဟူမူ ကျောင်းသား ကျောင်းသူတိုင်းအား ကျန်းမာရေးဗဟုသုတ၊ ကျန်းမာရေးအသိများ စတင်မွေးဖွားပေးလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။ ကျောင်းကျန်းမာရေးကား အရေးကြီးသည်။ ကျောင်းကျန်းမာရေးကောင်းမှ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးလည်း ကောင်းနိုင်ပေလိမ့်မည်။

အခြေခံအားဖြင့် ကျောင်းတိုင်းကျောင်းတိုင်းသည် သန့်ရှင်းသောကျောင်းများဖြစ်သင့်ပေသည်။ အမှိုက်ကင်းစင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ မူးယစ်ကင်းစင်ကျောင်း စသည်ဖြင့် မိမိတို့ ကျောင်းများ သန့်ရှင်းသောကျောင်းများဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ကျောင်းများဝန်းကျင်၌ အမှိုက်သရိုက်၊ ချုံနွယ်ပိတ်ပေါင်းများ ကင်းစင်အောင်ဆောင်ရွက်ခြင်း၊ ကျောင်းများ၌ဆေးလိပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို တားမြစ်ပေးခြင်းတို့သည် အလွန်သင့်မြတ်ကောင်းမွန်သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သောကျောင်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည်လည်း ကျောင်းကျန်းမာရေးကို အလေးထားဆောင်ရွက်ရာရောက်ပါသည်။ ပြီးခဲ့သောမတ်လအတွင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်ခန်းမ၌ ကျန်းမာရေးနှင့်ညီညွတ်သော အခြေခံပညာကျောင်းများကို ဆုများချီးမြှင့်ခဲ့ရာ အဆင့်မြင့်ဆုရကျောင်း ၁၀ကျောင်း၊ အဆင့်မီဆုရကျောင်း ၂၂ ကျောင်းရှိကြောင်းသိရပါသည်။ အလားတူ နိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေးနှင့်ညီညွတ်သောကျောင်းများကိုလည်း သက်ဆိုင်ရာ ကျောင်းကျန်းမာရေးအဖွဲ့များက စစ်ဆေးပြီး ဆုများချီးမြှင့်လျက်ရှိသည်။

ကျောင်းကျန်းမာရေးဟုဆိုရာ၌ ကျောင်းတွင်ရောင်းချနေသော ကျောင်းဈေးဆိုင်များ၏သန့်ရှင်းမှုသည်လည်း အရေးကြီးပါသည်။ အစားအသောက်များကို သန့်ရှင်းစွာရောင်းချသင့်ပါသည်။ အထူးသဖြင့် ယင်နားစာများမရောင်းချသင့်ပါ။ ကျန်းမာရေးထောက်ခံချက်မရှိသော မုန့်ပဲသရေစာများ၊ အသင့်စားမုန့်ထုပ်များ ကျန်းမာရေးနှင့်ညီညွတ်ခြင်းရှိမရှိ သတိပြုသင့်ပါသည်။

ကျောင်းတိုင်းကျောင်းတိုင်း၌ အရေးကြီးဆုံးတစ်ချက်မှာ ရေအိမ်များ၊ အိမ်သာများသန့်ရှင်းရေးပင်ဖြစ်သည်။ ကျောင်းသန့်ရှင်းရေးတို့က အမြဲမပြတ် ရေအိမ်များသန့်ရှင်းရေးကို ဆောင်ရွက်သင့်ပေသည်။ ထို့အပြင် သန့်ရှင်းသောသောက်သုံးရေများဖြစ်ရန်လည်း အရေးကြီးပါသည်။ ရေအိုး ရေစင်တိုင်းတွင် သန့်ရှင်းသော သောက်သုံးရေဖြစ်သင့်ပါသည်။

နောက်ဆုံး အရေးအကြီးဆုံးတစ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးပင်ဖြစ်၏။ ကျောင်းသား ကျောင်းသူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်အောင် ဝတ်စားဆင်ယင်နေထိုင်တတ်သည့်အလေ့အထ၊ သန့်ရှင်းစွာစားသောက်တတ်သည့် အလေ့အထများ ရှိရမည်ဖြစ်ပါသည်။

ကျောင်းကျန်းမာရေးဆောင်ရွက်ချက်သည် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးပင်ဖြစ်သည်။ ငယ်စဉ်ဘဝကတည်းကပင် ကျန်းမာရေးနှင့်အညီနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကို ကျောင်းသားကျောင်းသူများ လိုက်နာဆောင်ရွက်ကြပါလျှင် အသက်အရွယ် ကြီးပြင်းလာသည့်အခါ ကျန်းမာကြံ့ခိုင်သူများအဖြစ် အတ္တနှင့်ပရ နှစ်ဖြာသောလုပ်ငန်းအဝဝတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် စစ်တွေမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၇

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ လူမှုရေးဝန်ကြီးဦးဝင်းဆွေ၊ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးဟန်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးထွန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကလေးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကလေး ဇွန် ၇

၂၀၁၂ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် သာယာကုန်းကျေးရွာ ကလေး-ဂန့်ဂေါ ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမျိုးညွှန့်နှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်နေပြည်သူများ၊ အစိမ်းရောင်လွင်ပြင်သစ်ပင်ချစ်သူများအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကံ့ကော်၊ သင်းဝင်၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း စသည့် ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးမျိုးညွှန့်က သစ်ပင်စိုက်ပျိုးလိုသူများအား ပျိုးပင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၁၆၅)



## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့် ဝန်ထမ်းများသည် ဇွန် ၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် အဖွဲ့ဝင်များဖြင့်ပူးပေါင်းကာ မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၆၆)

## ဆောင်ရွက်

ဇွန် ၂ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၉)ရပ်ကွက် ဝါဆိုမှီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့တွင် သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းများနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (၀၄၃)



## ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်



စစ်တွေ ဇွန် ၇

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းရုံးရေးနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်းက အမှာစကားပြောကြားပြီးနောက် ဝန်ထမ်းသားသမီးများသို့ ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဇနီးဒေါ်မြနုနှင့် တာဝန်ရှိသူတို့က အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပညာသင်ကြားနေကြသည့် ဝန်ထမ်းသားသမီးများသို့ ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၄ဦး အတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၃၉၈၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

## ဘိုးဘွားရိပ်သာသို့ အလှူငွေလှူဒါန်း

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွှေလမ်း (အောက်လမ်း) အမှတ်(၅၂)ရှိ ရွှေရီမွန် ရှမ်းပြည်နယ် ရှမ်းရိုးရာအစား အစာထုတ်လုပ်ဖြန့်ချိရေး SHAN TRADITIONAL FOOD မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာနှင့် ဝန်ထမ်းများ စုပေါင်း၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဘိုးဘွားများကို စောင့်ရှောက်ထားသော ဆည်းဆာရိပ် ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၂၀၀၀၀ ကို မေ ၂၇ ရက်က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကြက်သွန်နီဈေး အနည်းငယ် မြင့်တက်

ရေစကြို ဇွန် ၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ဆောင်းရာသီတွင် သဲသောင်ပြင်များ၌ ရေလောင်း၍စိုက်ပျိုးသော ကြက်သွန်နီများပေါ်ခါစက တစ်ပိဿာ ငွေကျပ် ၂၅၀၊ ငွေကျပ် ၃၀၀ ဈေးဖြင့် ရောင်းချရသည့်အတွက် ကြက်သွန်စိုက်တောင်သူများ အရှုံးပေါ်ခဲ့ရာမှ မေလနောက်ဆုံးပတ်မှစ၍ တစ်ပိဿာ ငွေကျပ် ၄၀၀ ဈေးဖြင့် ရောင်းချကြရသဖြင့် အမြတ်မများသော်လည်း အရှုံးမပြသည့်အတွက် ဝမ်းသာရကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပြသည်။

ရေစကြိုမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် ဆောင်းသီးနှံကြက်သွန်နီကို ဧက ၇၀၅၄ လျာထားစိုက်ပျိုးခဲ့ရာ ၇၀၆၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့မှုအပေါ် ပိဿာချိန် သိန်းလေးရာကျော်ထွက်ရှိကြောင်း သိရှိရသည်။

ကြက်သွန်ဝယ်/ရောင်းပွဲစား ဦးစန်းယုက ပြောပြရာတွင် “ယခုရက်အတွင်း ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၄၀၀ ဈေးပေးဝယ်နေပါတယ်။ ဝယ်လို့ရသမျှ သန့်စင်ပြီး ဆိုက်ခွဲပါတယ်။ အများဆုံးတင်ပို့ရောင်းတာက ရန်ကုန် ဘုရင့်နောင်ပွဲရုံပါ။ တစ်ပိဿာ ငွေကျပ် ၅၀၀၊ ၅၂၅၊ ၅၅၀ ဈေးရောင်းရပါတယ်။ ရေစကြိုက ကုန်ရှားတော့ တန်ဆာခ တစ်ပိဿာ ၅၅ ကျပ်ပေးရတယ်။ ပခုက္ကူကတော့ ငွေကျပ် ၅၀ ပါ။ ဒါပေမယ့် ယခင်နဲ့စာရင် သက်သာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်က ဆက်သွယ်ရေးအဆင်ပြေအောင် ပခုက္ကူတံတားကြီး ဆောက်ပေးခဲ့တာရယ်၊ တိုးဂိတ်တွေမှာ ငွေကြေးကောက်ခံတဲ့စနစ် ပြောင်းပေးတာရယ်ကြောင့်ပါ။ တံတားမဖွင့်ခင်ကတော့ ကားခကို တစ်ပိဿာ ငွေကျပ် ၇၀ ပေးရပါတယ်။

ကျွန်တော်တို့ဒေသထွက် ဆောင်းကြက်သွန်က နတ်တော်လလောက်အထိ အထားခံပါတယ်။ မိုးစိုက်ကြက်သွန်ကတော့ အထားမခံတဲ့အတွက် လှောင်လို့မရပါဘူး။”

ထို့နောက် ပွဲစားဦးစန်းယုကပင် တောင်သူတွေကြက်သွန်အပေါ် အရှုံးမပေါ်ရေးနှင့် စပ်လျဉ်း၍ ဤသို့ ရှင်းပြခဲ့သည်။

“သဘာဝရာသီဖောက်ပြန်လို့ အထွက်နည်းတာတော့ မတတ်နိုင်ဘူးပေါ့ဗျာ။ ဒါပေမယ့် အိန္ဒိယ၊ ထိုင်းနိုင်ငံထွက် ကြက်သွန်နီလို အလုံးကြီးကြီးနဲ့ အထွက်နှုန်းကောင်းတာမျိုးဖြစ်အောင် တောင်သူတွေကိုခေတ်မီစိုက်ပျိုးရေးနည်းပညာတွေပေးမယ်၊ အရည်အသွေးကောင်းတဲ့ မြေဩဇာ၊ ပိုးသတ်ဆေးရရှိသုံးစွဲနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကြက်သွန်စိုက်တောင်သူတွေဘဝ အရှုံးတွေပျောက်၊ အမြတ်တွေရောက်လာလိမ့်မယ်လို့ ထင်ပါတယ်”ဟု သူ့အမြင်ကို ပြောပြပါသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

◆ *ရှေ့ဖုံးမှ*

ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးမှု ခိုင်မာသောလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံဆက်ဆံမှုနှင့် ရင်းနှီးချစ်ကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ငြိမ်းချမ်းရေးရရှိပြီးသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစသည့် ကဏ္ဍများတွင် ကူညီထောက်ပံ့ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံမှုပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံပြီး**(အပေါ်ပုံ)** နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှအရာရှိကြီးများ တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Bob Carr နှင့်အတူ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးတို့လည်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့အား မြတ်တော်ဝင်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးသန်းလှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးမိုးဇော်ရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန |
| (၃) ဒေါ်ခင်စန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |



# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား စင်ကာပူနိုင်ငံ Shelton College International မှ အမှုဆောင်အရာရှိချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား စင်ကာပူနိုင်ငံ Shelton College International မှ အမှုဆောင်အရာရှိချုပ် Ms. Lesley Lim သည် Director Mr. Patrick Hogan, Prudent International Business Co,. Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနွေမိုးအောင်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် နေပြည်တော်ဟိုတယ်ဇုန်ဥက္ကဋ္ဌ ဦးသာဌေးတို့နှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ**(အပေါ်ပုံ)**ပြီး Shelton College International သည် စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်လျက်ရှိပြီး နိုင်ငံတကာမှ သင်တန်းသား၊ သင်တန်းသူများအား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာသင်တန်းများကို သင်ကြားပို့ချလျက်ရှိပါကြောင်း၊ သင်တန်းများမှာ ပုံမှန်သင်တန်းများအပြင် စီမံခန့်ခွဲမှုဆိုင်ရာမန်နေဂျာအဆင့်များကို မွေးထုတ်ပေးသော သင်တန်းများလည်း ပို့ချလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူများသည်လည်း စင်ကာပူနိုင်ငံသို့လာရောက်၍ မိမိတို့၏ ကောလိပ်တွင်တက်ရောက် အောင်မြင်ပြီး အလုပ်အကိုင်ကောင်းများ ရရှိနေသည်ကိုတွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံသို့လာရောက်၍ ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလိုပါ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ပါရန် ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ယခုအချိန်ကာလ၌ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အထူးလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ သင်တန်းများ လာရောက်ဖွင့်လှစ်နိုင်ပါက ကောင်းမွန်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအဆင့်အနေဖြင့် သင်တန်းကျောင်းကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ပြီး ဆက်လက်၍ မန္တလေး၊ နေပြည်တော်စသည်ဖြင့် တိုးချဲ့ဖွင့်လှစ်သွားရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး သင်တန်းကျောင်း ဖွင့်လှစ်ရေးကို ဆက်လက်အကောင်အထည်ဖော်သွားရန်ဖြစ်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည့်အခန်းကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖြေကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

မျက်နှာချင်းဆိုင်တည်ရှိနေသည့် မြန်မာ့အနုပညာလက်ရာမြောက် ဆင်ဖြူတော်နှစ်စီးနှင့် ထိပ်တွင် ကြာဖြူတစ်ပွင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူတန်ဖိုးကိုဖော်ပြသည့် မြန်မာစာတန်း "တစ်သောင်းကျပ်"ကိုလည်း ရိုက်နှိပ်ထားပါသည်။ လက်ယာဘက်ပိုင်းတွင် မြန်မာ့အနုပညာလက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူတန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရိုက်နှိပ်ထားပါသည်။ လက်ဝဲဘက်ပိုင်းတွင် ကြာဖြူပွင့်ပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးတစ်ချောင်းကို ဒေါင်လိုက်ထည့်သွင်းထားပါသည်။

ကျောဘက် ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR" စာတန်းကို ရိုက်နှိပ်ထားပြီး ၄င်းစာတန်း၏ အောက်တွင် " TEN THOUSAND KYATS "ဟူသော စာတန်းပါရှိပါသည်။ အလယ်ပိုင်းတွင် ရတနာပုံ မန္တလေးနန်းတော်၏ မြို့ရိုးနှင့်ကျုံးပုံကို ရိုက်နှိပ်ထားပါသည်။ ဘေးဘောင်များတွင် မြန်မာ့အနုပညာလက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

## မြန်မာ့ရုပ်မြင်သံကြား

**၈-၆-၂၀၁၂ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် |
| | - ယောဆရာဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော် |
| ၇:၃၀ | နံနက်ခင်းသတင်း |
| ၇:၅၀ | သံသာချိုအေးမင်္ဂလာတေး |
| ၈:၀၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈:၁၀ | ကြေးမုံရိပ်သွင်တေးနယ်ဉ် |
| ၈:၃၀ | အလင်းအားများရဲ့စွမ်းအင်သစ်ရွှေကျင်ရေအားလျှပ်စစ်တေးဂီတအစီအစဉ် |
| ၈:၄၅ | တေးဂီတအစီအစဉ် |

**ညပိုင်း**

| | |
|---|---|
| ၄:၄၅ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၅:၀၀ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅:၂၀ | မိုးလရာသီရောက်ခဲ့ပြီမြေဆီစိုခိုက်သစ်ပင်စိုက် |
| ၆:၀၀ | ညနေခင်းသတင်း |
| ၆:၁၅ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ရှုသစ်လင်အင်တာနက်ဥယျာဉ် |
| ၈:၀၀ | ပြည်တွင်းသတင်း<br>- နိုင်ငံတကာသတင်းများ<br>- မိုးလေဝသအခြေအနေ<br>အနောက်တောင်မုတ်သုံလေဝင်ရောက်ခြင်းနှင့်ဖွန်လအတွက်မိုးလေဝသအခြေအနေ |

# ကပ္ပလီပင်လယ်တွင် မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇွန် ၇**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင်နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကသာမြို့တွင် ၀ ဒသမ ၉၅လက်မ၊ မုံရွာမြို့နှင့် မြောင်းမြမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး၊ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



## ထောက်ပံ့ငွေပေးအပ်

**ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းမိသားစုများအား ဝတ်စုံနှင့်ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၅ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ဝန်ထမ်းမိသားစုများ၏ ကျောင်းသား ကျောင်းသူ ၂၀အတွက် ဝတ်စုံနှင့် ပညာသင်ထောက်ပံ့ငွေကျပ် ၃၃၆၀၀၀ပေးအပ်စဉ်။** (ခရိုင် ပြန်/ဆက်)

ငါးရစ်ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း**

**နောက်ဆုံးရ နိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် - စုစည်းသည်



# ဂျပန်ဆိပ်ကမ်းတစ်ခုမှ ဆိပ်ခံတုံးကြီး ဆူနာမီကြောင့် အမေရိကန်ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိခဲ့

**လော့စ်အိန်ဂျလိစ် ဇွန် ၇**

ဂျပန်နိုင်ငံတွင်ပြီးခဲ့သည့်နှစ် မတ်လက ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်ရိုက်ခတ်မှုကြောင့် ဂျပန်ဆိပ်ကမ်းတစ်ခုမှ ဆိပ်ခံတုံးကြီးတစ်တုံးသည် အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်သို့ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေမိုင် ၅၀၀၀ ကျော်ဖြတ်သန်းကာ ရောက်ရှိခဲ့ကြောင်း ဇွန် ၇ ရက်က သတင်းထုတ်ပြန်သည်။

**တွေ့ရှိခဲ့ရ**

အဆိုပါ ဆိပ်ခံတုံးကြီး **(အပေါ်ပုံ)**သည် အရှည် ၆၆ ပေရှိပြီး အလေးချိန် ၁၆၅ တန်ရှိကာ ကွန်ကရစ်၊ သတ္တုနှင့် တာယာတို့ဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းဆိပ်ခံတုံးကြီးသည် ဆူနာမီလှိုင်းများ၏ ရိုက်ခတ်ဆွဲယူမှုကြောင့် အော်ရီဂွန်ပြည်နယ် ပို့လန်မြို့ အနောက်တောင်ပိုင်း အဂိတ်ကမ်းခြေ၌ လာရောက်သောင်တင်နေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဂျပန် ကောင်စစ်ဝန်ရုံးအရာရှိတစ်ဦးက ၎င်းဆိပ်ခံတုံးအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဂျပန်နိုင်ငံ မီဆာဝါမြို့ ဆိပ်ကမ်းမှ ဆိပ်ခံတုံးကြီးဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အဆိုပါ ဆိပ်ခံတုံးကြီး၌ ရေဒီယိုသတ္တိကြွရောင်ခြည်များ သက်ရောက်မှုရှိ မရှိကို စစ်ဆေး ခဲ့ရာ သက်ရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ကြသည်။

ယခုအခါ ၎င်းဆိပ်ခံတုံးကြီးကို သန့်ရှင်းဆေးကြောပြီး အများပြည်သူများအား ပြသရန် စီစဉ်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လက ဆူနာမီဘေးအန္တရာယ်ကြောင့် ဆိပ်ခံတုံးလေးတုံး ပျောက်ဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ကမ္ဘာပေါ်တွင် အကြီးဆုံးကုန်တင်လေကြောင်းလိုင်း တရုတ်ထူထောင်မည်



**ရှန်ဟိုင်း ဇွန် ၇**

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင်အကြီးဆုံး ကုန်တင်လေကြောင်းလိုင်းတစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းကို လာမည့် ၂၀၁၃ ခုနှစ် ဇွန်လကုန်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါလေကြောင်းလိုင်းသည် နိုင်ငံတကာလေကြောင်းလိုင်း ကွန်ရက်နှင့် ချိတ်ဆက်ပြေးဆွဲသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံရှိ ကုန်တင်လေကြောင်းလိုင်းတစ်ခုဖြစ်သော စကိုင်းလေကြောင်းလိုင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းချိုင်းနားကုန်တင်လေကြောင်းလိုင်းသည် ၁၉၉၈ ခုနှစ်က စတင်ထူထောင်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့အကြီးဆုံး ကုန်တင်လေကြောင်းလိုင်းကို ပြောင်းလဲထူထောင်ရန် စီစဉ်နေခြင်းဖြစ်သည်။ အဆိုပါလေကြောင်းလိုင်းကို ချိုင်းနားအီစတင်း လေကြောင်းလိုင်းနှင့် ချိုင်းနားအိုးရှင်း သဘော်ကုမ္ပဏီတို့က ပူးတွဲထူထောင်ထားခြင်းဖြစ်သည်။ လောလောဆယ်၌ ကမ္ဘာ့မြို့ကြီးများဖြစ်သော ချီကာဂို၊ အက်တလန်တာ၊ ဒါးလက်စ်၊ လော့စ်အိန်ဂျလိစ်၊ ပါရီနှင့်မီလန်မြို့ကြီးများသို့ ကုန်တင်လေယာဉ်များ ပြေးဆွဲပေးလျက်ရှိသည်။ **(အင်တာနက်)**



# ချမ်းသာသူဦးရေ အာရှ၌ မြင့်တက်

**စင်ကာပူ ဇွန် ၇**

ကမ္ဘာပေါ်၌ အမေရိကန်ဒေါ်လာ သန်းချီကြွယ်ဝချမ်းသာသူဦးရေသည် အာရှဒေသတွင် နှစ်စဉ်တိုးတက်လျက်ရှိပြီး စင်ကာပူနိုင်ငံ **(ဝဲပုံ)**တွင် ချမ်းသာကြွယ်ဝသူ ၁၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာ လူဦးရေအချိုးအစားဖြင့် တွက်ချက်လျှင်တိုးတက်မှုနှုန်းအများဆုံးဖြစ်ကြောင်း အမေရိကန် အခြေစိုက် ဘော်စတွန်မြို့မှ စစ်တမ်းကောက်ယူရေးအဖွဲ့က ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။ တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်းချီကြွယ်ဝချမ်းသာသော လူဦးရေမှာ ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံတွင် ၁၄ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ လူဦးရေ စုစုပေါင်း ၁၈၈၀၀၀ ရှိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံ၏ ချမ်းသာကြွယ်ဝသည့် ဦးရေမှာလည်း ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ လူဦးရေ ၁၆၂၀၀ အထိ ရှိခဲ့သည်။ အမေရိကန်နိုင်ငံ၌မူ ချမ်းသာကြွယ်ဝသူဦးရေမှာ ပြီးခဲ့သည့်နှစ်က လူဦးရေ ၁၂၉၀၀၀ လျော့ကျခဲ့သည်။

ဥရောပတွင် ဘဏ္ဍာငွေကြေး အကျပ်အတည်းများကြောင့် စီးပွားရေးလုပ်ငန်းများ ကျဆင်းခဲ့ရာ ချမ်းသာကြွယ်ဝသူဦးရေမှာလည်း ပြီးခဲ့သည့်နှစ်ကထက် လျော့နည်းပြီး ၁ ဒသမ ၉ ရာခိုင်နှုန်း နည်းပါးခဲ့သည်။ **(အင်တာနက်)**

**နိုင်ငံတကာသတင်းများ**

**နိုင်ငံတကာသတင်းများ**

**နိုင်ငံတကာသတင်းများ**



# ကန္ဒါဟာပြည်နယ် အသေခံဗုံးခွဲမှု စုစုပေါင်း ၂၃ ဦး သေဆုံး၊ ၅၀ ဒဏ်ရာရ

**ကဘူးလ် ဇွန် ၇**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန္ဒါဟာပြည်နယ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၃ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ **(အပေါ်ပုံ)**

ကန္ဒါဟာမြို့အနီး လူစည်ကားသည့်နေရာတွင် မော်တော်ကားများအတွက် ယာဉ်ရပ်စခန်း၌ ဗုံးထောင်ထားသည့်ဆိုင်ကယ်ကို ဇွန် ၆ ရက်က ဖောက်ခွဲသမားတစ်ဦးက ဖောက်ခွဲတိုက်ခိုက်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ထိုယာဉ်ရပ်စခန်းမှာ အာဖဂန်နစ္စတန်တောင်ပိုင်းတွင် အကြီးဆုံးနေတိုးစစ်စခန်းတည်ရှိရာ ကန္ဒါဟာလေတပ်စခန်းသို့ ပစ္စည်းများတင်ပို့ပေးသည့် ထရပ်ကားများဖြင့် ပြည့်ကျပ်လျက်ရှိသည်။ သေဆုံးသူအားလုံးသည် အရပ်သားများဖြစ်ပြီး အများစုမှာ ယာဉ်မောင်းများဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

# နိုင်ဂျီးရီးယား၌ လေယာဉ်ပျက်ကျမှုတွင် သေဆုံးသူ နိုင်ငံခြားသား ၂၁ ဦးပါဝင်

**အဘူဂျာ ဇွန် ၇**

နိုင်ဂျီးရီးယားနိုင်ငံ၌ ဇွန် ၃ ရက်က လေယာဉ်ပျက်ကျမှုတွင် လူပေါင်း ၁၉၃ ဦး သေဆုံးသည့်အနက် နိုင်ငံခြားသား ၂၁ ဦး ပါဝင်ကြောင်း လေကြောင်းပို့ဆောင်ရေး အာဏာပိုင်များက ဇွန် ၆ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

သေဆုံးသူ လေယာဉ်ခရီးသည်များတွင် အမေရိကန်ရှစ်ဦး၊ တရုတ်ခြောက်ဦး၊ လက်ဘနွန်နှစ်ဦး၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တစ်ဦးစီပါဝင်သည်။ သေဆုံးသူ အမေရိကန်ရှစ်ဦးအနက် ခုနစ်ဦးမှာ နိုင်ငံသားဖြစ်မှု နှစ်ခုကို ကိုင်ထားသူများဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးအာဏာပိုင်များက ပေးသည့် ခရီးသည်များ စာရင်းအရ သိရသည်။ လေယာဉ်ပျက်ကျသဖြင့် လေယာဉ်ပေါ်လိုက်ပါသူ ၁၅၃ ဦးနှင့် မြေပြင်မှ ၄၀ သေဆုံးသွားရခြင်းဖြစ်သည်။ **(အင်တာနက်)**



**နိုင်ငံတကာသတင်းအတိုအထွာ** ၈-၆-၂၀၁၂

တင်မောင်လွှင် – စုစည်းသည်




# ယူအေအီးဘဏ်များ တရုတ်၌ ဖွင့်လှစ်

*အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံမှ အကြီးဆုံးဘဏ်လုပ်ငန်းနှစ်ခုတို့က တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့တွင် ဘဏ်ခွဲများ လာရောက်ထူထောင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။ ယူအေအီးနှင့်တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ယူအေအီးမှ ဘဏ်များ တရုတ်နိုင်ငံတွင် လာရောက်ဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါဘဏ်များအနက် ရှန်ဟိုင်းမြို့တွင် ယခုသီတင်းပတ်အစောပိုင်းက ဘဏ်ခွဲတစ်ခုဖွင့်လှစ်ခဲ့ပြီးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ မြို့တော်ပေကျင်းတွင်လည်း ဘဏ်ခွဲတစ်ခု ဖွင့်လှစ်တော့မည်ဖြစ်သည်။ တစ်ဖန် ယူအေအီးဘဏ်ခွဲတစ်ခုကို ဟောင်ကောင်၌လည်း တိုးချဲ့ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုသို့ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေမည်ဖြစ်သည်။ တရုတ်နှင့် ယူအေအီး နှစ်နိုင်ငံတို့သည် ၂၀၁၁ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံအထိ ရှိခဲ့သည်။* ***(အပေါ်ပုံ)***



# ချန်ဂီလေဆိပ် အာရှအကောင်းဆုံးလေဆိပ်အဖြစ်ရွေးချယ်

**စင်ကာပူ ဇွန် ၇**

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်သည် အာရှတွင် ဝန်ဆောင်မှုအကောင်းဆုံး လေဆိပ်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း ချန်ဂီလေဆိပ်အုပ်စုက ဇွန် ၆ ရက်တွင် ပြောကြားသည်။ အဆိုပါလေဆိပ်သည် ထိုကဲ့သို့ အကောင်းဆုံးဆုကို (၂၆) ကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းလေဆိပ်သည် ဇွန် ၅ ရက်ညနေက တရုတ်နိုင်ငံ ရှန်ဟိုင်းတွင် ပြုလုပ်သည့် နှစ်ပတ်လည်ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေးဆိုင်ရာဆုပေးပွဲ၌ ယင်းဆုကို ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်မညစ်ညမ်းမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့်ဆုကိုလည်း ရရှိခဲ့သည်။ ချန်ဂီလေဆိပ်သည် ပြောင်မြောက်သည့် ဦးဆောင်ဦးရွက်ကောင်းမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် စုစည်းညီညွတ်မှု၊ ဆွဲဆောင်မှု၊ ခရီးသည်များအား ဆက်ဆံရေးနှင့် စီမံခန့်ခွဲမှု ကောင်းမွန်မှုစသည်တို့ကြောင့် အဆိုပါဆုများကို အာရှကုန်စည်နှင့် ပို့ဆောင်ရေးအဖွဲ့က ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)** **(အင်တာနက်)**

# အီတလီတောင်ပိုင်း၌ ပေါက်ကွဲမှု၊ အဆောက်အအုံနှစ်လုံးပြိုကျ

***အီတလီနိုင်ငံတောင်ပိုင်းတွင် ဇွန် ၇ ရက် နံနက်က လူနေအဆောက်အအုံနှစ်လုံး ပြိုကျခဲ့ရာ အနည်းဆုံး ၁၀ ဦးခန့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်း အဆောက်အအုံနှစ်လုံးမှာ ပြင်းထန်သောပေါက်ကွဲမှုတစ်ရပ်ကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း အီတလီအရာရှိများက ပြောကြားသည်။ ပြိုကျနေသောအဆောက်အအုံ အပျက်အစီးများအောက်တွင် လူမည်မျှပိတ်မိနေသည်ကို မသိရှိရသေးကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်တွင် လိုက်လံရှာဖွေလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ လောလောဆယ်တွင် အသက် ၁၈ လအရွယ် ကလေးငယ်တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ယင်းကလေးငယ်၏ မိဘနှစ်ပါးစလုံးကို အပျက်အစီးများအောက်မှ ကယ်ထုတ်နိုင်ခဲ့သော်လည်း ၎င်းကလေးငယ်ကို ရှာဖွေနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။ အဆိုပါ အဆောက်အအုံနှစ်လုံး ပြိုကျသည့်နေရာမှာ အီတလီတောင်ပိုင်း ဘာရီမြို့အနီး ကန်ဗာဆာနိုမြို့တွင်ဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။*** *(အင်တာနက်)*

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး – စုစည်းသည်

# အင်္ဂလန်အသင်း ယူရိုပွဲ နွှဲရန် ပိုလန်သို့ရောက်ပြီ



*လန်ဒန် ဇွန် ၇*

*ရှိုင်ဟော့ဒ်ဆင်၏ အင်္ဂလန်အသင်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲဝင်ရန် ပိုလန်နိုင်ငံသို့ ဇွန် ၆ ရက်က ရောက်ရှိလာသည်။ ယူရိုပြိုင်ပွဲတွင် အင်္ဂလန်ကစားသမားများ၏ ခြေစွမ်းကို ပြကြရမည်ဖြစ်ကြောင်း တိုက်စစ်မှူး ရွန်းနီက တိုက်တွန်းဆော်သြလိုက်သည်။ **(ယာပုံ)***

*အင်္ဂလန်အသင်းသည် ဘောလုံးစွမ်းရည် ပြည့်ဝနေပြီး ကစားသမားများ၏ ကြံ့ခိုင်မှုမှာလည်း အပြည့်အဝရှိထားပြီဖြစ်ကြောင်း၊ ပြီးခဲ့သော ပြိုင်ပွဲနှစ်ပွဲတွင် ရလဒ်မကောင်းခဲ့သော်လည်း စိတ်ပျက်မှုများ အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း၊ ပြိုင်ပွဲတိုင်း အင်္ဂလန်က အနိုင်ကစားသွားရန် ပြင်ဆင်ထားကြောင်း တိုက်စစ်မှူး ရွန်းနီက ပြောကြားသည်။ အင်္ဂလန်အသင်းသည် ပိုလန်လေဆိပ်သို့ ဆိုက်ရောက်လျှင်ဆိုက်ရောက်ချင်း ပရိသတ်ကြီးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ အင်္ဂလန်အသင်းတွင် အဓိကကစားသမားများအဖြစ် အင်ဒီကာရိုး၊ ဖီးလ်ဂျုံးစ်၊ ဂျွန်တယ်ရီ၊ ဂျိုးဟတ်၊ လက်စ်ကော့တ်၊ မာတင်ကယ်လီ၊ ဝဲလ်ဘက်၊ ဂျွန်ဆင်၊ စကော့ပါကာ၊ ဒေါင်းနင်း၊ ချန်ဘာလိန်း၊ ဒီဖိုး၊ ဝေါလ်ကော့တ်၊ ဂျဲရတ်၊ ရွန်းနီ၊ အက်ရှ်လေယန်း၊ အက်ရှ်လေကိုးလ်တို့ ပါဝင်လာသည်။*

*နောက်တန်းကစားသမားဖာဒီနန်သည် အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်လာမည်ဟု သတင်းများထွက်ရှိခဲ့သော်လည်း ပါဝင်မလာခဲ့ပေ။ ဒီဖိုးသည် ဇွန် ၇ ရက်က ဖခင်ရုတ်တရက်ဆုံး၍ အင်္ဂလန်သို့ ပြန်သွားကြောင်း သိရသည်။ **(အင်တာနက်)***

# ယူကရိန်းအသင်းဖိုလ်စွဲလျှင် ဆုကြေးငွေ ယူရို ၁၃ သန်း ချီးမြှင့်မည်



ယူကရိန်းဘောလုံးအသင်း

**ကီယက်ဗ် ဇွန် ၇**

ယူကရိန်း ကစားသမားများသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အနိုင်ရခဲ့လျှင် ဆုကြေးငွေယူရို ၁၃ သန်း(ပေါင် ၁၀ ဒသမ ၅၇ သန်း)ရရှိလိမ့်မည်ဖြစ်ကြောင်း ယူကရိန်း ဘောလုံးတာဝန်ရှိသူများက ပြောကြားသည်။ ယူကရိန်အသင်းသည် အုပ်စုပွဲတစ်ပွဲနိုင်တိုင်း ယူရို ၅၀၀၀၀၀ ရရှိမည်ဖြစ်သည်။သရေကျလျှင် ယူရို၂၅၀၀၀၀ ရရှိမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တက်လျှင် ယူရို နှစ်သန်း၊ အကြိုဗိုလ်လုပွဲသို့တက်နိုင်လျှင် ယူရို သုံးသန်း၊ ဗိုလ်လုပွဲသို့တက်နိုင်လျှင် ယူရိုလေးသန်းခွဲ ရရှိမည်ဖြစ်ကြောင်းသိရသည်။

ယူကရိန်းအသင်းသည် မကြာမီက တူရကီနှင့် ခြေစမ်းပွဲကစားရာတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဆုကြေးငွေပေးရန်ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ပြင်သစ်တို့ အင်္ဂလန်ကို ရှုံးနိမ့်လျှင် ကြီးမားသောပြဿနာရှိနိုင်ဟု သတိပေး



**လန်ဒန် ဇွန် ၇**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ယနေ့စတင်ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။ အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့သည် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြင်သစ်အသင်းအနေဖြင့် အင်္ဂလန်အသင်းကို အဖွင့်ပွဲစဉ်တွင်ရှုံးလျှင် ကြီးမားသောပြဿနာများ ဖြစ်လာနိုင်ကြောင်း ပြင်သစ်ကစားသမားဟောင်း ပက်ထရစ်ဗီအဲရာက သတိပေးပြောကြားလိုက်သည်။ ပြီးခဲ့သည့် တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြင်သစ်အသင်း အဖွင့်ပွဲစဉ်ရလဒ်မကောင်းခဲ့သဖြင့် ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာသွားခဲ့ရသည်။ **(အပေါ်ပုံ)**

ပြင်သစ်အသင်းတွင် အဓိကကစားသမားများအဖြစ် ဘင်ဇီမာ၊ ရီဘာရီ၊ နာဆရီ၊ ရာမီစသော ကစားသမားများ ပါဝင်ကစားကြမည်ဖြစ်သည်။ ပြင်သစ်အသင်းကို နည်းပြသစ် လောရင့်ဘလန့်က ကိုင်တွယ်မည်ဖြစ်သည်။ ပြင်သစ်အသင်းသည် ရှေ့တန်းနှင့် အလယ်တန်း အားကောင်းသော်လည်း နောက်တန်း အားနည်းလျက်ရှိသည်။ သို့သော် အင်္ဂလန်အသင်းသည် နှစ် ၃၀အတွင်း ပြင်သစ်ကို တစ်ပွဲမျှ အနိုင်မရခဲ့ပေ။ **(အင်တာနက်)**

# ပြိုင်ပွဲကျင်းပစဉ် ဘောလုံးကွင်းထဲမှ ထွက်သွားလျှင် အဝါကတ်ပြမည်

*ကီယက်ဗ် ဇွန် ၇*

***ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကြီးကို (ယနေ့) ဇွန် ၈ ရက်တွင် ပိုလန်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။ ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကာလအတွင်း လူမည်းကစားသမားများသည် လူမျိုးရေးခွဲခြားဆက်ဆံမှု ခံရနိုင်ကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ဘောလုံး ကန်နေစဉ်အတွင်း လူမျိုးရေးခွဲခြားဆက်ဆံခံရမှုကြောင့် ကွင်းအတွင်းမှ ထွက်ခွာသွားလျှင် အဝါကတ်ပြ အရေးယူမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ မစ်ချယ်ပလာတီနီက သတိပေးပြောကြားလိုက်သည်။***

*သတိပေးပြောကြား*

***မန်စီးတီးနှင့် အီတလီတိုက်စစ်မှူး ဘာလော့တယ်လီက ၎င်းအားလူမျိုးရေးခွဲခြား ဆက်ဆံခံရလျှင် ကွင်းအတွင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုလျက်ရှိသည်။ ပြိုင်ပွဲကျင်းပစဉ်အတွင်း ကွင်းထဲမှ ထွက်ခွာသွားခြင်းသည် ဘောလုံးစည်းကမ်းကို ချိုးဖောက်ရာရောက်ကြောင်း၊ ယင်းအတွက် ကွင်းလယ်ဒိုင်လူကြီးက အဝါကတ်ပြနိုင်ခွင့်ရှိကြောင်း၊ လူမည်းကစားသမားများအနေဖြင့် ကွင်းအတွင်းမှ ထွက်မသွားရန် အရေးကြီးကြောင်း ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ထပ်မံသတိပေးပြောကြားလိုက်သည်။***

*(အင်တာနက်)*

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်–စုစည်းသည်



# အမေရိကန်နိုင်ငံ ဟူစတန်မြို့တွင် ရထားနှစ်စင်းတိုက်မှုဖြစ်ပွား

**ဟူစတန် ဇွန် ၇**

အမေရိကန်နိုင်ငံ ဟူစတန်မြို့အရှေ့မြောက်ဘက်ရှိ ယူနီယံပစိဖိတ် ရထားဝင်းအတွင်း မီးရထားနှစ်စင်း ဇွန် ၇ ရက် နံနက်အစောပိုင်းက တိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုသတင်း မကြားသိရကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ရထားနှစ်စင်းတိုက်မှုဖြစ်ပွားသည်မှာ နံနက် ၅ နာရီခွဲခန့်ကဖြစ်ပြီး ရထားတွဲအချို့လမ်းချော်မှုဖြစ်ပွားခဲ့သည်ဟု ယူနီယံပစိဖိတ်ရထားဝင်းမှ ပြောရေးဆိုခွင့်ရှိသူ မတ်ဒါဗီ၏ပြောစကားကို ကိုးကား၍ ဟူစတန်ခရိုနီကယ်သတင်းစာက ဖော်ပြခဲ့သည်။

ရထားနှစ်စင်းတိုက်မှုအတွင်း ရထားတွဲလွတ်ငါးတွဲ လမ်းချော်တိမ်းမှောက်ခဲ့ကြောင်း၊ အန္တရာယ်ရှိသည့် ဒြပ်ပစ္စည်းများယိုဖိတ်မှုမရှိသော်လည်း ရထားတိုက်မှုအတွင်း ဒီဇယ်ဆီပမာဏ အနည်းငယ်သာ ယိုဖိတ်မှုရှိခဲ့ကြောင်း ဒါဗီက ဆက်လက်ပြောကြားသည်။

အဆိုပါရထားနှစ်စင်းတိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို လတ်တလောတွင် သိရှိခြင်းမရှိသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

# သူလျှိုတယ်လီစကုပ်နှစ်လုံးကို နာဆာသို့ ပေးအပ်မည်



**ဝါရှင်တန် ဇွန် ၇**

အမေရိကန်အစိုးရ၏ လျှို့ဝှက်အာကာသစီမံကိန်းက သူလျှိုတယ်လီစကုပ်နှစ်လုံးကို နာဆာသို့ ပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ထိုတယ်လီစကုပ်များသည် Hubble အာကာသတယ်လီစကုပ်ထက် စွမ်းဆောင်ရည် ပိုမိုမြင့်မားသည့် တယ်လီစကုပ်များဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၆ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

**ဖြည့်ဆည်း**

အဆိုပါတယ်လီစကုပ်များကို အမျိုးသားထောက်လှမ်းရေးရုံးဌာနတွင် အသုံးပြုရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုဌာန၏ သူလျှိုမစ်ရှင်များအတွက် အသုံးပြုရန် လိုအပ်ခြင်းမရှိတော့သဖြင့် အာကာသပဟေဠိပြင်အား နာဆာမှလေ့လာနိုင်ရေးကို ဖြည့်ဆည်းပေးသည့်အနေဖြင့် အာကာသ အေဂျင်စီသို့ ပေးအပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

နာဆာတွင် လတ်တလောအချိန်၌ မည်သည့်တယ်လီစကုပ်မှ တည်ဆောက်ရေးအစီအစဉ်မရှိကြောင်း၊ သူလျှိုတယ်လီစကုပ်များ လက်ဆောင်အဖြစ် လက်ခံရရှိပါက စကြဝဠာပြန့်ကားခြင်းကို ဖြစ်ပေါ်စေသည့် လျှို့ဝှက်နက်ရှိုင်းသော အမှောင်တိုက်စွမ်းအင်အကြောင်းကို လေ့လာနိုင်မည်ဖြစ်ကြောင်း နာဆာမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

# နှစ်သန်းပေါင်း ၁၂၈ သန်းရှိ ရှေးဦးရောဘဝဲသတ္တဝါကြီး၏ ရုပ်ကြွင်းသွင်ပြင်အား သုတေသနပြု ဖော်ထုတ်



**လန်ဒန် ဇွန် ၇**

ဩစတြီးယားအမျိုးသားသမိုင်းပြတိုက်ကြီးတွင် ယမန်နှစ်အတွင်းက တူးဖော်တွေ့ရှိခဲ့သည့် အမျိုးအစားခွဲခြားနိုင်ခြင်းမရှိသော ရုပ်ကြွင်းတစ်ခုကို သုတေသနပြုလေ့လာခဲ့ရာ လက်ရှိ ပြည်ကြီးငါးနှင့်ရောဘဝဲကောင်များ၏ ရှေးဦးမျိုးနွယ်တိရစ္ဆာန်မျိုးစိတ် ရုပ်ကြွင်းဖြစ်သည်ဟုသိပ္ပံပညာရှင်များက ကွန်ပျူတာနည်းပညာအသုံးပြုကာ သွင်ပြင်ပုံပန်းအား ခွဲခြားနိုင်ခဲ့သည်။ **(ဝဲပုံ)**

ဩစတြီးယားအမျိုးသား သမိုင်းပြတိုက်ကြီးမှ အဖွဲ့ဝင်များသည် 3D Scan နည်းပညာအသုံးပြုကာ လက်တံများထိုးထိုးထောင်ထောင်ပါရှိနေသော အဆိုပါရုပ်ကြွင်းကို သုတေသနပြုခဲ့ပြီး ၎င်းသတ္တဝါမည်သို့မည်ပုံ ရှင်သန်သွားလာပုံကိုလည်း ဗီဒီယိုပြချက်ဖန်တီးခဲ့သည်။

အဆိုပါရုပ်ကြွင်းသည် သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၁၂၈ သန်းခန့်ရှိကြောင်း၊ အဲလ်တောင်တန်းများရှိ နုန်းမြေများတွင် ယမန်နှစ်ကတူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကွန်ပျူတာနည်းပညာအသုံးပြုကာ ၎င်းရုပ်ကြွင်းကို လေ့လာခြင်းအားဖြင့် ယခင်ကအမျိုးအစားခွဲခြားနိုင်ခြင်းမရှိသည့် သတ္တဝါရုပ်ကြွင်းသည် ရောဘဝဲသတ္တဝါတို့၏ ရှေးဦးမျိုးစိတ်ဖြစ်သော သတ္တဝါကြီး၏ရုပ်ကြွင်းဖြစ်သည်ဟု မိမိတို့ယုံကြည်ကြောင်း သုတေသနအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ကုန်းပိုင်းလုပ်ကွက် EP 2 နှင့် PSC G တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံမှ PTTEP South Asia Limited နှင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော Win Precious Resources Pte., Ltd. တို့သည် ကုန်းပိုင်းလုပ်ကွက် EP 2 နှင့် PSC G တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုပွဲသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Arak Chonlatanon ဦးဆောင်သော အဖွဲ့သည် ဇွန် ၆ ရက်တွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ပြီး ယင်းနေ့ ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ကုန်းပိုင်းလုပ်ကွက်EP 2 နှင့် PSC G တို့၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arak Chonlatanon၊ PTTEP ၏ President and Chief Executive Officer Mr. Tevin Vongvanich၊ Win Precious Resources Pte. Ltd. ၏ Managing Director ဦးထွန်းလင်းရှိန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်ကို PTTEP မှ Mr. Tevin Vongvanich ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Arak Chonlatanon နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ PTTEP ၏ President & Chief Executive Officer Mr. Tevin Vongvanich နှင့် Win Precious Resources Pte. Ltd. ၏ Managing Director ဦးထွန်းလင်းရှိန်တို့ကလည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ PTTEP ၏ Executive Vice President Mr. Somporn Vongvuthipornchai နှင့် Win Precious Resources Pte.Ltd. မှ General Manager ဦးမျိုးမင်းလတ်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်ကိုလည်းကောင်း ပေးအပ်ကြရာ PTTEP မှ Mr. Tevin Vongvanich က လက်ခံခဲ့သည်။

ယခု လက်မှတ်ရေးထိုးခြင်းသည် ကုန်းပိုင်းလုပ်ကွက် (၂)ကွက်ဖြစ်သော EP 2 (အောင်လံဒေသ) နှင့် PSC G (တောင်တွင်းကြီးဒေသ)တို့မှာ ပဉ္စမအကြိမ်မြောက် လက်မှတ်ရေးထိုးချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က "ပညာရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်း" (Professional Ethics) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၀ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁ /၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက် နေဆဲ သင်တန်းသားသင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## စာအုပ်စာပေ လူ့မိတ်ဆွေ



မိုးမိတ်မြို့နယ် ညောင်ပင်စောက်ကျေးရွာဂေါက်ကွင်းအနီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးနေမျိုးထွန်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက မဲဇလီ၊ ယူကလစ်၊ ခရေနှင့် ကုံ့ကော်ပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်သစ်တော)

## ငါးအအေးခန်းစက်ရုံများ လျှပ်စစ်ဓာတ်အားအချိန်ပိုင်းပြန်ရ၍ လုပ်ငန်းများ အနည်းငယ်အဆင်ပြေလာ

*ရန်ကုန် ဇွန် ၇*

*ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ငါးအအေးခန်းစက်ရုံပေါင်း ၇၀ ကျော်ရှိပြီး လက်ရှိစက်ရုံ ၂၃ ရုံမှာ လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။ အဆိုပါ အအေးခန်းစက်ရုံများ၌ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖိုးခန့်ရှိ ငါးများသိုလှောင်ထားရာ လျှပ်စစ် ဓာတ်အား ဖြတ်တောက်ထားသဖြင့် အခက်အခဲတွေ့ကြုံနေရသောကြောင့် ငါးများအေးခဲနိုင်သည်အထိ စက်မောင်းချိန် ၅ နာရီ၊ ၆ နာရီခန့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ထံ မေတ္တာရပ်ခံအကူအညီတောင်းခံခဲ့ကြောင်း သိရှိရသည်။*

*ယခုအခါ ဇွန် ၂ ရက်မှစတင်လျက် ည ၁၁ နာရီမှ နံနက် ၆ နာရီအထိ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိလာသဖြင့် အအေးခန်းစက်ရုံများမှာ လုပ်ငန်းများအနည်းငယ်အဆင်ပြေလာကြောင်း သိရှိရသည်။ ထို့အတူ စက်မှုဇုန်များကိုလည်း နံနက် ၆ နာရီမှ နံနက် ၁၁ နာရီအထိနှင့် နံနက် ၁၁ နာရီမှ ညနေ ၆ နာရီအထိ အုပ်စုနှစ်စုခွဲကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းနှင့် ည ၁၁ နာရီမှ နံနက် ၆ နာရီအထိ အုပ်စုနှစ်စုစလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားမည် ဖြစ်ကြောင်း သိရှိရသည်။* ***(လှိုင်မောင်)***

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဇွန် ၇ ရက်တွင် မွန်ဒီမိုကရေစီပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်/မန္တလေး ဈေးသဘော်ထွက်ခွာ

ရန်ကုန် ဇွန် ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေးဈေးသဘော်ခေါက်ရေ(၁) မြဧရာရေယာဉ်သည် ဇွန် ၁၀ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၃)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သို့ပါ၍ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉နှင့် ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း၊ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် UN အဖွဲ့အစည်းများ၊ INGO, NGO အဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇွန် ၆ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော UN အဖွဲ့အစည်းများ၊ INGO, NGO အဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးနေဝင်းက UN အဖွဲ့အစည်းများ၊ INGO, NGO အဖွဲ့များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မှတ်ပုံတင်သက်တမ်းမပြတ်ရေးစည်းကမ်းတကျ ဆောင်ရွက်ရေးတို့ကို ပြောကြားခဲ့ကြောင်း သတင်းရှိသည်။ **(သတင်းစဉ်)**

### ပေးအပ်

**ပခုက္ကူခရိုင်၏ ပဉ္စမကာလတိုငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၄ ရက်က ပခုက္ကူမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက ဌာနဆိုင်ရာများသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။** (၁၀၂)



## Tiger Myanmar Amateur Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှသိန်းနိုင်စိုး ဆက်လက်ဦးဆောင်လျက်ရှိ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍Myanmar Brewery Ltd.က အဓိကကူညီပံ့ပိုးသည့် Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဇွန် ၇ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌဦးမင်းသိန်းနှင့် အမှုဆောင်များ၊ Myanmar Brewery Ltd.မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အားကစားသမား သိန်းနိုင်စိုးသည် ပထမနေ့ပြိုင်ပွဲတွင် မိုးသည်းထန်စွာ ရွာချ၍ လက်မတွေ့ဘဲ ၇၂ ချက်၊ ဒုတိယနေ့ပြိုင်ပွဲ၌ ရာသီဥတုသာယာသဖြင့် လက်စွမ်းပြကစားကာ သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ ၆၈ချက်၊ တတိယနေ့ပြိုင်ပွဲ၌ ဒုတိယနေ့ပြိုင်ပွဲကဲ့သို့ ရာသီဥတုသာယာပြီး စိတ်ဓာတ်တက်ကြွကာ စိတ်ဓာတ်တည်ငြိမ်မှုရရှိခဲ့၍ ပင်ကိုလက်စွမ်းကိုပြနိုင်၍ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး ၆၆ ချက်၊ သုံးရက် ၁၀ ချက်လျှော့ရိုက်ကာ ၂၀၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

KASIDIT LEPKURTE (ထိုင်း)က သုံးရက်ပေါင်း ၂၁၅ချက်ဖြင့် ဒုတိယလိုက်ပြီး ARIE FAUZI (မလေးရှား)က သုံးရက်ပေါင်း ၂၁၇ ချက်ဖြင့် တတိယလိုက်နေသည်။ ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၈ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**




တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သိန်းနိုင်စိုး ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

# တိုက်ကွမ်ဒိုနှင့် ဝူရှူးနည်းပြ/ဒိုင် သင်တန်းဆင်းပွဲ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတက်ရောက်

**နေပြည်တော် ဇွန် ၇**

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တိုက်ကွမ်ဒိုနှင့် ဝူရှူးနည်းပြ/ဒိုင် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကား ပြောကြားပြီး တိုက်ကွမ်ဒိုနှင့် ဝူရှူးသင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးစီထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ့အလင်း **ဘဝအမောပြေ** အာကာဟိန်း ရေးသည်

## ဒီလိုပါ

ကားတိုက်ခံရပြီး ကံကောင်းထောက်မစွာ အသက်ရှင်နေသည့် လူနာတစ်ဦးကို ဆေးရုံပေါ်၌ စစ်ဆေးရေးအရာရှိတစ်ဦးက မေးမြန်းလေသည်။

**စစ်ဆေးရေးအရာရှိ** ။ ။ **ကားလာတာ ဘာဖြစ်လို့ မရှောင်တာလဲ။**

လူနာ ။ ။ ကျွန်တော်ရှောင်ပါတယ်။

**စစ်ဆေးရေးအရာရှိ** ။ ။ **ယာဉ်မောင်းက မရှောင်ဘူးလို့ ပြောနေတယ်။**

လူနာ ။ ။ ကျွန်တော်ရှောင်ပါတယ်. . . ယာဉ်မောင်းက ကျွန်တော့်ကို တည့်တည့်ဝင်တိုက်တာပါ။

**စစ်ဆေးရေးအရာရှိ** ။ ။ **ဘယ်လိုရှောင်တာလဲ ပြောပါဦး။**

လူနာ ။ ။ ကျွန်တော်က တောသားတစ်ဦးပါ။ ဒီညမှ သူငယ်ချင်းနဲ့အတူ မြို့ကို စပြီး ရောက်ဖူးပါတယ်. . . ကားလမ်းပေါ်မှာ ဘီးနှစ်ဘီးတည်း ပါတဲ့ယာဉ်ပေါ်မှာ လူတစ်ဦးက ခွထိုင်ပြီး မောင်းလာတဲ့ ယာဉ်တစ်စီးတွေ့တော့ ကျွန်တော့်ကို သူငယ်ချင်းက ပြောတယ်။ အဲဒါကားတဲ့. . .။

**စစ်ဆေးရေးအရာရှိ** ။ ။ **အင်း…အဲဒီတော့…ဆက်ပြောပါဦး။**

လူနာ ။ ။ အဲဒီကားက မီးတစ်လုံးတည်းဖွင့်ပြီး မောင်းလာတာ ကျွန်တော်သတိထားမိတယ်. . .

**စစ်ဆေးရေးအရာရှိ** ။ ။ **အင်း…ဆက်ပြောပါ။**

လူနာ ။ ။ ကျွန်တော်ကားလမ်းဖြတ်ကူးတဲ့အချိန်မှာ မီးနှစ်လုံးဖွင့်ပြီး မောင်းလာတာ ကားနှစ်စီးလို့ထင်ပြီး မီးနှစ်လုံးအလယ်မှာ ကျွန်တော်ရပ်နေလိုက်တာပါဆရာ. . .

**စစ်ဆေးရေးအရာရှိ** ။ ။ **" ဟာဗျာ"**

**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ (၅၇၅) နှင်းဆီလမ်းနေ သမီးဖြစ်သူ ဒေါ်ခင်ခင်ကြီးက မိခင်ကြီး ဒေါ်တင်လှိုင်အား ဦးထိပ်ထား၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဘိုးအဘွားများ အိပ်ဆောင်တွင် အသုံးပြုရန် စတီးခုတင်အတွက် ငွေကျပ်သုံးသိန်းကို မိဘဂုဏ်ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (၀၀၉)

## ရမည်းသင်းမြို့မရဲစခန်း ပညာသင်ထောက်ပံ့

**ရမည်းသင်း ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မရဲစခန်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် မွန်းလွဲပိုင်းက မြို့မရဲစခန်းဝင်း ဓမ္မာရုံ၌ကျင်းပရာ စခန်းမှူးရဲအုပ် သိန်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စန်းတို့က တက္ကသိုလ်ဝင်တန်း ခုနစ်ဦး၊ အလယ်တန်း ၁၂ ဦးနှင့် မူလတန်း ၁၁ဦး တို့အတွက်ငွေကျပ် ၁၄၂၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၂၀ ကို ကျောင်းသားကျောင်းသူတစ်ဦးချင်းစီထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၀၆)

မြန်မာ့အလင်း **မှုခင်းသတင်း**

## ထော်လာဂျီယာဉ် ကုန်းအတက် နောက်ပြန်လိမ့်

**ကျောက်တန်း ဇွန် ၇**

ကျောက်တန်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့လာသည့် တောင်သူများအား တင်ဆောင်လာသော ထော်လာဂျီယာဉ်တစ်စီးသည် ကုန်းအတက်တွင် နောက်ပြန်လိမ့်ကျပြီး သစ်ပင်နှင့်တိုက်မိမှု တစ်ရပ်ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ က ကျောက်တန်းမြို့နယ် ပုတ္တလုပ်ကျေးရွာနှင့် မရမ်းဘေးကျေးရွာတို့မှ တောင်သူ ၄၀ တို့သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများပြီးစီး၍ ပုတ္တလုပ်ကျေးရွာနေ ယာဉ်မောင်း အောင်ကိုလင်း အသက် (၂၉)နှစ် မောင်းနှင်သောထော်လာဂျီယာဉ်နှင့် ကျေးရွာသို့အပြန် စံချိန်မီရပ်ကွက် ရွှေညောင်ပင်လမ်း အထက (၁) အနီးတွင် ကုန်းအတက် နောက်ပြန်လိမ့်ပြီး လမ်းဘေးသစ်ပင်နှင့် တိုက်မိပြီး ရပ်သွားသည်။

**ကုသထား**

ယာဉ်မတော်တဆဖြစ်မှုကြောင့် ကျောက်တန်းမြို့နယ် ပုတ္တလုပ်ကျေးရွာနေတောင်သူ ဦးထွန်းဝေ အသက်(၄၅)နှစ်မှာ ခြေနှစ်ဖက်ကျိုးသည့်ဒဏ်ရာဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့တင်ပို့ရပြီး မရမ်းဘေးကျေးရွာမှ တောင်သူ ဦးမျိုးဦး အသက်(၄၀)နှင့် ပုတ္တလုပ်ကျေးရွာမှ ဦးနာရနားဆာမိ အသက် (၄၅)နှစ်တို့အား ကျောက်တန်း ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသထားရသည်။

**အရေးယူထား**

ယာဉ်မောင်း အောင်ကိုလင်းအား သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၁၉)

## သရက်ချောင်း၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**သရက်ချောင်း ဇွန် ၇**

တနင်္သာရီတိုင်း ဒေသကြီး သရက်ချောင်းမြို့နယ် ဆင်ကူးကျေးရွာအုပ်စုအတွင်း မြိတ်-ထားဝယ်ကားလမ်း (၁၉/၅) မိုင်တိုင်အနီး၌ ထားဝယ်မြို့မှ မြိတ်သို့သွားသော ကုန်တင်ကား(၅က/----) နှင့် မြိတ်မြို့မှ ထားဝယ်မြို့သို့ တက်လာသော ခရီးသည်တင် မှန်လုံကား ၇ခ/----) တို့သည် အရှိန်မထိန်းနိုင်ဘဲ ဇွန် ၄ ရက် ညနေ ၃ နာရီက မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ သရက်ချောင်း မြို့မရဲစခန်းမှ စစ်ဆေးအရေးယူထားကြောင်း သိရှိရ သည်။ **(မြန်မာ့အလင်း)**



# ဆေးပညာသတင်းဆန်းများ (၂၅)

**ဒေါက်တာ ကံညွန့်**

**အေအိုင်ဒီအက်စ်ကာကွယ်ဆေးပေါ်လာပြီ**

အေအိုင်ဒီအက်စ်ရောဂါဟာ ဆယ်စုနှစ်သုံးစုတိုင် လူသားတွေကို ဒုက္ခပေးလာခဲ့တဲ့ ရောဂါပါ။ ဆေးသိပ္ပံပညာရှင်တွေဟာ ဒီရောဂါကာကွယ်ဆေးကို ထုတ်လုပ်ဖို့ အမျိုးမျိုးကြိုးစားခဲ့ပေမယ့် ရာနှုန်းပြည့်အောင်မြင်မှု မရရှိနိုင်ခဲ့သေးပါဘူး။ ၂၀၀၉ ခုနှစ်က ထိုင်းနိုင်ငံမှာ စမ်းသပ်ခဲ့တဲ့ Vaccine ကလည်း စမ်းသပ်ခံလူတွေရဲ့ သုံးပုံတစ်ပုံလောက်ကိုသာကာကွယ်ပေးနိုင်ခဲ့လို့ အများအတွက် အသုံးပြုဖို့မသင့်တော်ဘူးလို့ ဆုံးဖြတ်ခဲ့တာပါ။ အခုတစ်ခါ အမေရိကန်နိုင်ငံ ဆေးသုတေသနပညာရှင်တစ်ဦးက အေအိုင်ဒီအက်စ်ကာကွယ်ဆေးတစ်ခုကို ဖော်နိုင်ခဲ့ပြီ။ ဒီကာကွယ်ဆေးဟာ ကြွက်တွေမှာတော့ ရာနှုန်းပြည့်ကာကွယ်နိုင်စွမ်းရှိခဲ့ပြီလို့ ကြေညာလိုက်ပါတယ်။ ဒါကို အမေရိကန်နိုင်ငံ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအကြီးအကဲ Dr.Anthony Fauci ကလည်း ကြိုဆိုလိုက်ပါတယ်။

ဒီ Vaccine ရဲ့ အခြေခံအချက်က လူရဲ့ကိုယ်ခံအား Immunity ကို မြှင့်တင်ပေးတာဖြစ်ပြီး HIV ပိုးရဲ့ တိုက်ခိုက်နိုင်မှုစွမ်းရည်ပေါ်မှာ တိတိကျကျ ခံနိုင်တဲ့အား (Specific Immunity for HIV) ကို မြှင့်တင်ပေးဖို့ရာ ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**လက်ပ်တော့ပ်ကြောင့် အမျိုးသားများထိခိုက်နိုင်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သိပ္ပံပညာတိုးတက်လာတာနဲ့ အမျှ Computer, Laptop, Handphone အသုံးပြုသူတွေလည်း များလာပါတယ်။ ယခု Laptop Wifi ခေါ် Wireless Internet-Connected Laptop နဲ့ပတ်သက်နေတဲ့ ဆေးပညာလေ့လာမှုတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ဒီသတင်းကတော့ ယင်း Wifi Laptop ဟာ ယောက်ျားတွေရဲ့မျိုးဥ (Sperm)ရဲ့ လှုပ်ရှားမှုနဲ့ ယင်း Sperm မှာပါတဲ့ DNA ကို ပျက်စီးစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒါကို အာဂျင်တီးနားနိုင်ငံ Cordoba မြို့က သိပ္ပံပညာရှင်တစ်စုက လေ့လာခဲ့တာဖြစ်ပြီး Journal of Fertility and Sterility မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ၎င်းတို့ဟာ ကျန်းမာတဲ့အရွယ်ရှိ လူ ၂၉ ဦးကို အုပ်စု နှစ်စုခွဲ လေ့လာခဲ့ကြပါတယ်။ လူတစ်ဝက်ရဲ့ Sperm ကိုပုံမှန်ထားပြီး ကျန်တစ်ဝက်ရဲ့ Sperm ကို ၄ နာရီကြာ Laptop Wifi ရဲ့အနားမှာထားပြီး စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီအချိန် ပုံမှန်ထားတဲ့ Sperm တွေမှာ ဘာမှမဖြစ်ဘဲ Laptop အနားမှာရှိတဲ့ Sperm တွေက လှုပ်ရှားမှုအားနည်းသွားပြီး အဲဒီမှာပါတဲ့ DNA တွေကလည်း Fragmentation ဖြစ်ကာ ပျက်စီးနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီ Laptop Wifi သုံးစွဲသူတွေဟာသန္ဓေတည်မှုမှာ ထိခိုက်နိုင်ကြောင်း ထပ်မံသုတေသနပြု လေ့လာရတော့မယ်လို့ သိရကြောင်းပါခင်ဗျာ။

**ကလေးပန်းနာရောဂါ အထူးဂရုစိုက်ပါ**

နောက်သတင်းတစ်ပုဒ်ကတော့ ကလေးတွေနဲ့ပတ်သက်ပါတယ်။ Asthma လို့ခေါ်တဲ့ ပန်းနာရင်ကျပ်တဲ့ရောဂါကို ကလေးတွေမှာခံစားနေရရင် ယင်းကလေးတွေရဲ့ အသက်ရှူကျပ်ရခဲ့တဲ့ ရောဂါဇာစ်မြစ်ကိုဂရုတစိုက် မိသားစုနဲ့ဆွေးနွေးကုသဖို့ အထူးအရေးကြီး လေ့လာထားတဲ့သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Atlanta Emory ဆေးတက္ကသိုလ်က သိပ္ပံပညာရှင်တွေက တင်ပြထားကြတာဖြစ်ပါတယ်။ ငယ်စဉ်ကပဲ အသက်ရှူကျပ်ပြီး Asthma ရှိနေတဲ့ကလေးတွေကို Corticosterid ပါတဲ့ Inhaler တွေအဖြစ် တခြားဆေးတွေနဲ့ ကုသပြီး ရောဂါသက်သာရုံသာလုပ်ပေးနေတာဟာ ၎င်းကလေးတွေကြီးလာတဲ့အခါ သူတို့အဆုတ်လုပ်အားကို တစ်နှစ်မှာ ၁ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်တာကြောင့် အသက်ကြီးတဲ့အခါအဆုတ်မှာ အလွယ်တကူရောဂါပိုးတွေ ဝင်ရောက်နိုင်ကြောင်း သတိပေးထားပါတယ်။ ဒါကြောင့် ရင်ကျပ်ပန်းနာရှိတဲ့ ကလေးတွေမှာ ပန်းနာဘာကြောင့်ဖြစ်ရတယ်ဇာစ်မြစ်ကို တိတိကျကျရှာဖွေ ကုသပေးကြဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

**၁၃ ပေါင်ကလေး ဗိုက်ခွဲမွေးလိုက်ရ**

နောက်တစ်ပုဒ်ကလည်း ကလေးနဲ့ပတ်သက်တဲ့သတင်းတစ်ပုဒ်ပါ။ ကာလီဖိုးနီးယားက ဆင်သီယာဆိုတဲ့အမျိုးသမီးတစ်ဦးဟာ သားယောက်ျားလေးတစ်ဦးကို ဗိုက်ခွဲမွေးလိုက်ပါတယ်။ မမွေးခင်သူဟာ ကိုက်ခဲမှုဝေဒနာကို ပြင်းထန်စွာခံစားရတယ်လို့ ဆိုပါတယ်။ ဘာကြောင့်အခုလို ကိုက်ခဲနေခဲ့ရတာလဲဆိုတာကိုတော့ ကလေးမွေးပြီးမှပဲ သိရတော့တယ်လို့ဆိုပါတယ်။ မမွေးခင်က ကိုးပေါင်လောက်ရှိမယ်ထင်တဲ့ ကလေးက အခုမွေးလာတော့ ၁၃ ပေါင်ရှိနေတာကိုတွေ့ရလို့ မွေးပေးသူ ဆရာဝန်ရော သူပါအံ့သြခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအလေးချိန်ဟာ သာမန်ကလေးတွေထက် နှစ်ဆကျော်ရှိနေတာမို့ ဂင်းနက်စ်မှတ်တမ်းမှာဝင်နိုင်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမယ့် ဂင်းနက်စ်မှတ်တမ်းမှာတော့ ၁၉၅၅ ခုနှစ်ကပဲ တင်ထားတဲ့ ၂၂ ပေါင်ရှိတဲ့ ကလေးရဲ့ စံချိန်ကိုတော့ မချိုးနိုင်သေးဘူးလို့ သိရကြောင်းပါခင်ဗျာ။

**ငါးနဲ့ဟင်းသီးဟင်းရွက်ကိုသာ စားသူများ**

ကမ္ဘာ့မြောက်ဝင်ရိုးစွန်း ရေခဲပြင်ဒေသတွေမှာနေထိုင်တဲ့ အက်စကီမိုးလူမျိုးတွေဟာ အရပ်ပုပြီးအဝလွန်သူတွေများပါတယ်။ အရပ်ပုတာနဲ့အဝလွန်ခြင်း နှစ်မျိုးစလုံးဟာ သာမန်လူတွေထက် နှလုံးရောဂါပိုဖြစ်ပွားနိုင်တဲ့ အခြေအနေပါ။ ဒါပေမယ့် သူတို့မှာ နှလုံးရောဂါပြောပလောက်အောင်မရှိကြဘူးလို့ လေ့လာချက်တစ်ခုက ဆိုပါတယ်။ ဒါဟာဘာကြောင့်လဲဆိုရင် သူတို့ဟာဝပေမယ့် သူတို့ရဲ့သွေးထဲမှာ Tryglyceride နှင့် C-Reactive Protein ဆိုတဲ့ ဓာတ်တွေနဲ့နေတာကြောင့်လို့ ဆိုပါတယ်။ ဒါဟာ သူတို့ရဲ့နေ့စဉ်စားသောက်နေထိုင်ပုံနဲ့ဆိုင်ပြီး သူတို့ဟာနေ့စဉ် ငါးနဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ စားသုံးကြတာကြောင့်လို့ လေ့လာချက်ကထောက်ပြထားပါတယ်။ သွေးထဲက ယင်းဓာတ်နှစ်ခုစလုံးက နှလုံးရောဂါဖြစ်နိုင်ခြေညွှန်းကိန်းတွေဖြစ်ပြီး ယင်းနှစ်ခုလုံးများနေရင် နှလုံးရောဂါအတွက်ဆေးကုသဖို့ အထူးလိုအပ်တယ်လို့ ဆိုပါတယ်။ နှစ်စဉ် ကမ္ဘာ့လူဦးရေထဲက ၁၇ ဒသမ ၁ သန်းဟာ နှလုံးရောဂါခံစားနေရပြီး ဒီအထဲက ၈၂ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးစနှင့်ဆင်းရဲတဲ့နိုင်ငံတွေဖြစ်တယ်လို့ သိရကြောင်းပါခင်ဗျာ။

**အသည်းရောဂါဆေးနဲ့ အန္တရာယ်**

နောက်သတင်းတစ်ပုဒ်ကတော့ အသည်းရောဂါတချို့မှာ အသုံးပြုနေကြတဲ့ Ursodiol ခေါ်တဲ့ (Ursodexy Chloric Acid) ဆေးဟာ သာမန် dose ထက်နှစ်ဆပို သုံးတတ်တဲ့သူတွေ၊ တာရှည်သုံးသူတွေမှာ အန္တရာယ်ရှိနိုင်ကြောင်း သတိပေးထားချက် ဖြစ်ပါတယ်။ ယင်းဆေးဟာ Sclerosing Cholangitis ဆိုတဲ့ အသည်းထဲက Bile - Duct ခြောက်ကပ်ပျက်စီးသွားတဲ့ရောဂါမှာ အသုံးပြုရတဲ့ဆေးပါ။ ဒီရောဂါဟာ အသည်းရောင်ရောဂါ၊ Autoimmune ရောဂါ၊ ပင်ကရီယပ်စ်ရောင်ရောဂါ၊ အစာအိမ် အူလမ်းကြောင်းရောင်ရောဂါ (Crohn's and Ulcerative Colitis) ရောဂါတွေနဲ့ ပူးတွဲဖြစ်ပေါ်တတ်တဲ့ရောဂါပါ။ ကမ္ဘာတစ်လွှား ဆေးကုမ္ပဏီတွေက နာမည်အမျိုးမျိုးနဲ့ ထုတ်လုပ်ထားပြီး သုံးနေခဲ့ကြတာကြာပြီး လူသိများတဲ့ဆေးတစ်ခုပါ။

ဒါကို ကနေဒါနိုင်ငံ ကျန်းမာရေးဌာနက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး အားလုံးကို သတိပေးထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဒီဆေးကြောင့် အစာအိမ် အူလမ်းကြောင်းက သွေးပြန်ကြောတွေရောင်ရမ်းလာပြီး အသည်းအစားထိုးရမယ့်အခြေအနေ(သို့မဟုတ်) အသက်ဆုံးရှုံးရတဲ့အခြေအနေကို အမြန်ရောက်နိုင်တယ်လို့ ဖော်ပြထားကြောင်းပါခင်ဗျာ။

**အမျိုးသမီးကြီးများ ဆီးချိုရှိပြီး အဝလွန်လျှင်**

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အသက်(၆၀)ကျော် အမျိုးသမီးတွေမှာ ဆီးချိုရောဂါရှိပြီး အဝလွန်နေရင် ရင်သားကင်ဆာဖြစ်ဖို့ သာမန်လူတွေထက် ၅၅ ရာခိုင်နှုန်း ပိုရှိကြောင်း လေ့လာထားချက်ဖြစ်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ဆွီဒင်နိုင်ငံ Lund University ကင်ဆာသုတေသနဌာနက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ ဆွီဒင်နိုင်ငံ အနောက်တောင်ပိုင်းက အမျိုးသမီးပေါင်း ၁ ဒသမ ၅ သန်းကို လေ့လာပြီးတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ ၎င်းလေ့လာချက်မှာ ထူးခြားချက်တချို့ကတော့ Blood Lipid Level များတဲ့လူတွေထက် နည်းတဲ့လူတွေမှာ Ca Breast ပိုဖြစ်နိုင်ပြီး ဆီးချိုရောဂါဆေးတစ်မျိုးတည်း စားနေသူတွေထက်နှစ်မျိုးသုံးမျိုး စားရသူတွေက ကင်ဆာပိုဖြစ်နိုင်ကြောင်း ဖော်ပြထားပါတယ်။

**နေ့စဉ်သုံးဆေးများရဲ့ ဆိုးကျိုးတချို့**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသက်(၅၀) ကျော်အရွယ်တွေမှာ နေ့စဉ်သုံးနေရတဲ့ဆေးတွေရဲ့ မသိမသာဆိုးကျိုးတချို့ကို လေ့လာတင်ပြထားတဲ့ သတင်းပါ။ အမှတ်(၂) ဆီးချိုအမျိုးအစားမှာ အသုံးများတဲ့ Metformin ဆေးပြား၊ သွေးထဲမှာအဆီဓာတ်များပြီး သွေးတိုးရောဂါရှိသူတွေမှာအသုံးများတဲ့ Statin စားဆေး၊ အဝလွန်သူတွေမှာအသုံးပြုလေ့ရှိတဲ့ Orlistat စားဆေးတို့ဟာ ဘေးထွက် ဆိုးကျိုးအနည်းငယ်စီရှိနိုင်တဲ့အတွက် ယင်းဆေးတွေကို အမြဲစားနေတဲ့အခါ ဖြစ်ပေါ်တတ်တဲ့အခြေအနေတွေကိုသတိထားပြီး ပူးတွဲစားရမယ့် အစာတွေကိုလည်း သတိထားနိုင်အောင် တင်ပြရတာပါ။

Metformin စားဆေးဟာ သွေးထဲကဗီတာမင် $B_{12}$ Level ကို ကျသွားစေနိုင်တာမို့ Metformin ဆေးအမြဲစားသုံးနေသူတွေဟာ Vitamin $B_{12}$ ကြွယ်ဝတဲ့ အသား၊ နွားနို့၊ ကြက်ဥနှင့် ငါးတို့ကို များများစားသုံးသင့်ကြောင်း တင်ပြထားပါတယ်။

Statin စားဆေးကိုစားသုံးနေရသူတွေမှာ သွေးထဲမှာရှိတဲ့ Coenzyme Q 10 ဆိုတဲ့ Enzyme နည်းသွားနိုင်ပါတယ်။ ယင်း Enzyme ဟာ ကြွက်သားအားရှိအောင်၊ သွေးတိုးကျအောင်၊ နှလုံးကြွက်သားလှုပ်ရှားမှုကောင်းအောင် လုပ်ပေးရတဲ့ Enzyme ဖြစ်ပါတယ်။ ဒါကြောင့် ဒီ Statin စားဆေးတာရှည်သုံးစွဲနေသူတွေမှာ ယင်း Enzyme မျိုးလုပ်နိုင်တဲ့ ငါးကြီးဆီ၊ အသား၊ ဂျုံ ဆန်စသည်တို့ကို ပူးတွဲစားသုံးသင့်ကြောင်း တင်ပြထားပါတယ်။ အဝလွန်တာမှာစားရတဲ့ Orlistat ဆေးဟာ ကိုယ်ခန္ဓာက အဆီစုပ်ယူနိုင်မှု လျော့နည်းစေတာနဲ့အတူ Fat Soluble Vitamin တချို့ကိုလည်း မစုပ်ယူနိုင်ဖြစ်တတ်တာမို့ Vit A,D,E,K တို့လည်း လျော့နည်းသွားနိုင်ပါတယ်။ဒါကြောင့် ဒီစားသုံးသူတွေမှာ ယင်း Vitamin တွေ ကြွယ်ဝတဲ့အစိမ်းရောင် အသီးအရွက်တွေနဲ့ ကန်စွန်းဥ၊ မုန်လာဥနဲ့ ကြက်ဥတို့ကို များများစားသုံးသင့်ကြောင်း လေ့လာတွေ့ရှိချက်ကိုလည်း တင်ပြလိုက်ပါတယ်။

**ကြက်ငှက်တုပ်ကွေးအသွင်ပြောင်းပါက အန္တရာယ်ရှိလာနိုင်**

ယခုနောက်ဆုံးတင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Avian Bird Flu ခေါ်တဲ့ H5N1 Virus ကြောင့်ဖြစ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းပါ။ ယင်းရောဂါဟာ ယခုလက်ရှိအခြေအနေမှာတော့ သာမန်တုပ်ကွေးရောဂါအဖြစ်လောက်သာရှိပြီး ကြောက်စရာကောင်းလောက်အောင် ကူးစက်နိုင်တဲ့ရောဂါ မဟုတ်သေးပါဘူး။ ဒါပေမယ့် ဆေးသိပ္ပံသုတေသနပညာရှင်အဖွဲ့နှစ်ခုရဲ့ တွေ့ရှိချက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြီး သတိပေးရတဲ့အခြေအနေ ဖြစ်ခဲ့ပါတယ်။ ယင်းတွေ့ရှိချက်ကတော့ ဒီ H5N1 Virus ဟာ Mutation ကြောင့် အသွင်ပြောင်းကာ အလွယ်တကူကူးစက်နိုင်တဲ့ ရောဂါပိုးဖြစ်လာပြီး လူတွေကိုလည်းသေစေနိုင်လိမ့်မယ်ဆိုတဲ့ တွေ့ရှိချက်ကြောင့်ပါပဲ။ ဒီတွေ့ရှိချက်ကို နယ်သာလန်နှင့် အမေရိကန်နိုင်ငံက ဆေးသိပ္ပံသုတေသနပညာရှင်တွေက တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အသေးစိတ်မထုတ်ပြန်ဖို့လည်း အမေရိကန်နိုင်ငံ ဇီဝသိပ္ပံဆိုင်ရာလုံခြုံရေး အကြံပေးကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က တားဆီးထားပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီလိုပြောင်းလဲလာနိုင်မှုကို မသမာသူတို့က လူသတ်လက်နက်တစ်ခုပမာ ပြောင်းလဲအသုံးပြုလာနိုင်လို့ဆိုတာတင်ပြရင်း ယခုတစ်ပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

## ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်

**ရေကြည် ဇွန် ၇**

ရခိုင်ပြည်နယ်... ရေကြည်မြို့

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့ ဗထူးရပ်ကွက် (၈)လမ်း မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက်တွင် ဖွင့်လှစ်သော မြတ်ပညာပါရမီဒါနသင်တန်းသို့ မေ ၂၆ ရက် နံနက် ၉ နာရီက မက်စ်မြန်မာကုမ္ပဏီများအုပ်စု ရောဝတီဖောင်ဒေးရှင်းက ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ရောဝတီဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးကြည်သန်းကပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးခင်စန်း လက်ခံယူခဲ့သည်။ ထို့အပြင် မြို့မိမြို့ဖများကလည်း ဗလာစာအုပ်ဒါဇင် ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



မေ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို တာမွေမြို့နယ် အထက(၄) မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း အမှာစကားပြောကြားစဉ်။ (ထွေ/အုပ်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၇-၆-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်ဒီမိုကရေစီပါတီ၏ အလံပုံစံ**



**မွန်ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကျောက်ဆည်မြို့နယ်အတွင်း ရေဘေးကာကွယ်ရေး ဇော်ဂျီရေထိန်းဆည်ကို ပြုပြင်ဆောင်ရွက်

**ကျောက်ဆည် ဇွန် ၇**

ကျောက်ဆည်မြို့တွင်းသို့ ဇော်ဂျီမြစ်သည် ဖြတ်သန်းစီးဆင်းနေသည်။ ဇော်ဂျီမြစ်သည် ရှမ်းပြည်နယ်မှ မြစ်ဖျားခံပြီး မြစ်ငယ်မြစ်အတွင်းသို့ စီးဆင်းသွားသော မြစ်ဖြစ်သည်။ ၂၀၀၃ ခုနှစ်က ကျောက်ဆည်မြို့ သောက်သုံးရေပေးဝေရေးနှင့် သာယာလှပရေးအတွက် ဇော်ဂျီရေထိန်းဆည်ကို တည်ဆောက်ခဲ့သည်။

ဇော်ဂျီမြစ်သည် နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ မြစ်ကြောင်းတစ်လျှောက် သဲနုန်းများတင်လာခြင်း၊ မြစ်ကြောင်းကျဉ်းမြောင်းလာခြင်း၊ တိမ်ကောလာခြင်း၊ သဲသောင်ခုံများရှိလာခြင်း စသည့်အချက်များကြောင့် ရေစီးရေလာ မှန်ကန်ခြင်းမရှိသည့်အတွက် ဇော်ဂျီမြစ်ရေကြီးကာ ကြက်မင်းတွန်တာပေါင်နှင့် တံတားလည်တာပေါင် ကျိုးပေါက်ခြင်းများဖြစ်ပေါ်ကာ ၂၀၁၁ ခုနှစ်က နှစ်ကြိမ်ရေလွှမ်းမိုးခြင်းခံခဲ့ရသည်။

ကျောက်ဆည်မြို့နယ်အတွင်း ဇော်ဂျီမြစ်ရေကြီး ရေလွှမ်းမိုးမှု ကြိုတင်ကာကွယ်ရန်အတွက် ကျောက်ဆည် ဆည်မြောင်းဦးစီးဌာနက နောင်ခမ်းမြေသားတာပေါင် အရေးပေါ်ရေထုတ်ပေါက်မှ ရေပိုလွှဲကို ၂၀၁၂ ခုနှစ် ဧပြီလတွင် အပြီးပြုပြင် တည်ဆောက်ခဲ့ခြင်း၊ ဇော်ဂျီရေထိန်းဆည်အထက်ပိုင်း သဲနုန်းပို့ချမှုကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလကစ၍ ဇီးတောဆည်အထိ ပေ ၅၅၀၀ သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊ ဇော်ဂျီရေထိန်းဆည်အောက်ပိုင်းရှိ ကျဉ်းမြောင်းသောမြစ်ကြောင်းကို မြေတူးစက် အစီး ၄၀၊ မြေထိုးစက်ငါးစီးတို့ဖြင့် မိုင်ပေါင်း ၂၁ မိုင်အထိ မြစ်ကြောင်းအတွင်းရှိ သဲသောင်များရှင်းလင်းခြင်း၊ မြစ်ကြောင်းချဲ့ထွင်ခြင်း၊ ကမ်းပါးယံမြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ ယခုအခါ ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ အလျား ၁၃၄ ပေ၊ အမြင့် ပေ ၂၀၊အကျယ် ရှစ်ပေလေးပေါက်ရှိ ဇော်ဂျီရေထိန်းဆည်ကို သဲထုတ်တံခါး၏ဝဲယာတွင် ဟိုက်ဒရောလစ်ရှပ်တာများ ပြုပြင်တပ်ဆင်ထားပြီးဖြစ်၍ ကျောက်ဆည်မြို့ ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၀၁၂)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**ဇော်ဂျီ ရေထိန်းဆည်ရေလွှဲတံခါး တပ်ဆင်နေစဉ်။**



# ရန်ကုန်မြို့၌ အိမ်၊ ခြံ၊ မြေ ဈေးကွက်တည်ငြိမ်

**ရန်ကုန် ဇွန် ၇**

ရန်ကုန်မြို့၌ အိမ်၊ ခြံ၊ မြေ ဈေးကွက်မှာလောလောဆယ် တည်ငြိမ်လျက်ရှိကြောင်းဖြင့် စိုင်းခွန်နောင် အိမ်၊ ခြံ၊ မြေနှင့် ဥပဒေအကြံပေးလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာစိုင်းခွန်နောင်နှင့် ယနေ့တွေ့ဆုံရာတွင် ပြောကြားသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် ကားဝယ်ရောင်းလုပ်နေသူများ ကားဈေးကွက်ပျက်သွားသဖြင့် အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးဘက်သို့ ဦးလှည့်လာသည်ဟု ကြားသိရသော်လည်း ၎င်းတို့အနေဖြင့် ကားဝယ်ရောင်း လုပ်ငန်း၌ အရှုံးပေါ်နေခြင်း၊ ရင်းနှီးမြှုပ်နှံထားမှုမှ ချက်ချင်းငွေပြန်မပေါ်လာခြင်းစသည်တို့ကြောင့် အိမ်၊ ခြံ၊ မြေ ဈေးကွက်အတွင်းသို့ လောလောဆယ် ထဲထဲဝင်ဝင် ဝင်ရောက်လာခြင်းမရှိသေးကြောင်း။

### ဝယ်ယူလာ

အိမ်၊ ခြံ၊ မြေဈေးအနေဖြင့် ဝယ်ယူသူများက စီးပွားရေးလုပ်ဖို့ ကောင်းသည့်နေရာ၊ လုပ်ငန်းလုပ်ဖို့ကောင်းသည့်နေရာ၊ ငွေရှာ၍ လွယ်သည့်နေရာများကို ဝယ်ယူလာကြကြောင်း၊ ဥပမာအားဖြင့် ရွှေတောင်ကြားလမ်းမှ အိမ်၊ ခြံ၊ မြေဈေးနှင့် သဃ်န်းကျွန်းစံပြဈေးနားမှ အိမ်၊ ခြံ၊ မြေဈေးမှာအတူတူလောက်ရှိနေကြောင်း၊ ယုဇနပလာဇာအနီးရှိ မြေညီထပ်တိုက်ခန်းများ ဈေးသည်လည်း ထိုနည်းအတူပင်ရှိကြောင်း။

အိမ်၊ ခြံ၊ မြေဈေးနှုန်းအနေဖြင့် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းမတို့မှ အိမ်၊ ခြံ၊ မြေဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်ပြီး ရောင်းသူရှားပါးကြောင်း၊ ရောင်းမည်ဟု သတင်းကြားသည်နှင့် ဝယ်သူကလည်း အသင့်ရှိနေကြောင်း၊ ကွန်ဒိုတိုက်ခန်းများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကောင်းသော၊ လုံခြုံမှု၊ လျှပ်စစ်၊ သန့်ရှင်းမှုသာလွန်သော ကွန်ဒိုတိုက်ခန်းများမှာ ပို၍ဈေးကောင်းကြောင်း။

### သေချာစွာစစ်ဆေး

မိမိတို့အနေဖြင့် ဈေးကွက်တည်ငြိမ်မှုကိုသာ လိုလားကြောင်း၊ ဈေးကွက်လှုပ်လှုပ်ခတ်ခတ်ဖြစ်လာလျှင် လုပ်ကိုင်၍မကောင်းကြောင်း၊ လွယ်လွယ်နှင့် အရောင်းအဝယ်မတည့်ကြောင်း၊ တည့်ခါနီးမှ အရောင်းအဝယ်ပျက်သွားသည်များလည်းရှိကြောင်း၊ ဈေးကွက်တည်ငြိမ်မှ ရောင်းသူကလည်း တကယ်ရောင်းပြီး ဝယ်သူကလည်း တကယ်ဝယ်ကြောင်း၊ အိမ်၊ ခြံ၊ မြေ ဝယ်ယူသူများအား တစ်ခု သတိပေးလိုသည်မှာ ဝယ်ပြီးနောက်မှ အရှုပ်အရှင်းများ ဖြစ်ပေါ်တတ်သဖြင့် ဝယ်ပြီဆိုပါက နားလည်တတ်ကျွမ်းသူများအား ခေါ်သွားရန်နှင့် ပိုင်ဆိုင်မှုကို သေချာစွာ စစ်ဆေးပြီးမှ ဝယ်ယူသင့်ကြောင်းဖြင့် အကြံပြုပြောကြားသည်။

**(ညွန့်သန်း)**

# မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ စာရေးကိရိယာများပေးအပ်လှူဒါန်း

**မော်လမြိုင်ကျွန်း ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းလင်းဦးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်မင်းတို့က အမှာစကားပြောကြားကြသည်။

### လက်ခံယူ

ထို့နောက် ချို့တဲ့သောကျောင်းသား ကျောင်းသူများအား ထောက်ပံ့ရန်အတွက် ဌာနဆိုင်ရာများ၊ ပညာရေးဌာနဝန်ထမ်းများ၊ မြို့မရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် ၆၁၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၃၀၅ ဒါဇင်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၆၅)



## မြဝတီရုပ်မြင်သံကြား

၈-၆-၂၀၁၂ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | တရားတော် |
| ၇း၂၅ | မြန်မာ့ရှုခင်း |
| ၇း၃၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၅ | ဇာတ်လမ်းတို |

**ညပိုင်း**

| | |
|---|---|
| ၄း၁၀ | မဟာဂီတ ချိုကြည်မြ |
| ၄း၃၀ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄း၄၀ | လျှပ်တစ်ပြက် |
| ၄း၅၀ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | အိုင်စီတီသုတ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၄၅ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၂၆) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း |
| - | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| - | သံစဉ်များနှင့်ကမ္ဘာ |
| - | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| - | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံများချစ်ခြင်းများဖြင့်** (အပိုင်း-၅) |
| - | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| - | မြဝတီရုပ်မြင်သံကြားသတင်း |
| - | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး** (အပိုင်း-၃၆) |

**မော်လမြိုင်မြို့ရှိ ဆံတော်ရှင် သမိုင်းဝင်ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဝတွင် ကျပ်သိန်း ၂၀၀၀ ကုန်ကျခံတည်ဆောက်မည့် ဓာတ်လှေကားအသစ်အတွက် အလှူငွေပေးအပ်ပွဲကို မေ ၃၁ ရက်က စေတီတော်မြတ်ကြီး၏ ဂေါပကရုံးခန်း၌ကျင်းပရာ ဦးတိတ်ကြည်-ဒေါ်သန်းသန်းအေးမိသားစု (အောင်ဇမ္ဗူသင်္ကန်းတိုက်)က ငွေကျပ် ငါးသိန်းကို ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းထံ လှူဒါန်းစဉ်။** (၁၀၇)



## မြန်မာ့အလင်း မှု ခင်း သ တင်း ၇-၆-၂၀၁၂

# ဖားကန့်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့သည် သတင်းအရ မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ရပ်ကွက်ရှိ ပိတောက်မြိုင်လက်ဖက်ရည်ဆိုင်၌ စောင့်ဆိုင်းနေစဉ် ဆိုင်အတွင်းသို့ ဝင်ရောက်လာသူ နိုင်လွင်ကို မသင်္ကာသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော မရမ်းစေ့ရောင်ကွက်စိပ်ပုဆိုးနှင့် ခါးကြားတွင် လိပ်ထားသည့် အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်း ပလတ်စတစ်အကြည်ဖြင့်ထုပ်ထားသည့် ဘိန်းစိမ်းဟုယူဆရသော အမည်းရောင်အစေး အလေးချိန် ၃၂၀ ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၅၇၆၀၀၀) တွေ့ရှိသိမ်းဆည်းရမိသဖြင့် နိုင်လွင် အသက် (၃၃) နှစ် (ဘ-ဦးကျော်မောင်) ဖာလင်ကျေးရွာ နမ့်ခမ်းမြို့နေသူအား ဖားကန့်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၆၂)

# မိတ္ထီလာတွင် စိတ်ကြွဆေးပြားများသိမ်းဆည်းရမိ

*မိတ္ထီလာခရိုင်အတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆောင်ရွက်နေစဉ် မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ-၃၊ ရန်ကုန်-မန္တလေး ကားလမ်းတောင်ဘက် အငြိမ့်ချောင်နေ အောင်လင်း(ခ) မဲကြီးသည် စိတ်ကြွဆေးပြားများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ဇွန် ၃ ရက် ည ၁၁ နာရီက ခရိုင်ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ဇော်ထွန်းမင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ အောင်လင်းအိမ်သို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြသည်။*

*အောင်လင်းနေအိမ်အတွင်း ရှာဖွေရာ ရှာရမ်းဆိုင်ကယ်အတွင်းမှ WY စာတန်းပါ ဆေးပြားတစ်ပြားနှင့် 88 စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၈၉ ပြားနှင့်အတူ စိတ်ကြွဆေးပြားရောင်းရ ငွေကျပ် ၅၅၀၀၀၀ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။ အောင်လင်း(ခ) မဲကြီး ၄၄ နှစ်ထံမှ စိတ်ကြွဆေးပြား အလုံး ၉၀၊ တန်ဖိုးငွေကျပ် ၂၇၀၀၀၀ ကို သိမ်းဆည်းရမိသဖြင့် အောင်လင်း(ခ) မဲကြီးအား မိတ္ထီလာမြို့ အမှတ်(၂)ရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။* (၀၁၂)

8-6 (10).pmd 1 6/8/2012, 1:44 AM

SPN Distribution Group
Anytime

Anytime ထောက်ပံ့သူ

ဆက်သွယ်ရန် → 09-5119552 09-5119553 09-5119554 09-73073112

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ LIN LIN SU FAMILY TRADING CO.,LTD မှ လိုင်စင်အမှတ် WQL.1.11.12 (6224) ဖြင့် တင်သွင်းပြီးဖြစ်သော BRAND NEW AUTO GEAR MOTOR CYCLE အစီး ၂၀မှာ ၆-၄-၂၀၁၂ ရက်စွဲပါ ID NO(100378), (100379), PQ NO(D/ 526862/ 37-P-135) ဖြင့် အခွန်ပေးဆောင်ထားပြီး ဖြစ်ပါသည်။ ၎င်းလိုင်စင်မူရင်းတစ်စောင်မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၈၁၀၂၀၁၇၁၊ ၀၉-၄၃၁၆၆၆၂၊ ၀၉-၄၃၁၆၈၈၈၇**

## ပုဂံညောင်ဦးမြို့နယ်အသင်း၏

ပုဂံသွေး ပရဟိတနှင့် သွေးလှူရှင်များအဖွဲ့ (တတိယ)အကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) အမျိုးသားသွေးဘဏ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) အသင်းသူ အသင်းသားများနှင့် သွေးလှူဒါန်းလိုသော စေတနာရှင်များအား အမျိုးသား သွေးဘဏ်သို့ လာရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ

**အကျိုးဆောင်အဖွဲ့**
**ပုဂံသွေးပရဟိတနှင့် သွေးလှူရှင်များအသင်း**
**သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၅၂၈၆၃၄၃၊**
**၀၉-၄၂၀၃၈၀၄၁၊**
**၀၉-၇၃၁၂၃၅၂၊**
**၀၉-၄၂၁၀၆၆၀၅၇**

## မေတ္တာရပ်ခံအပ်ပါသည်

၇-၆-၂၀၁၂ရက်ထုတ် ကြော်ငြာအချပ်ပို၌ သစ်မွေးမျိုးစေ့ရမည် ကြော်ငြာတွင် ဖုန်း-၀၉-၄၂၁၁၁၅၆၈၇အစား ဖုန်း-၀၉-၄၂၁၁၁၅၆၈၉ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် မှားယွင်းစွာ အသုံးပြုမိခဲ့သော ဖုန်းပိုင်ရှင်အား အနူးအညွတ် တောင်းပန်အပ်ပါသည်။

## သစ်မွေးမျိုးစေ့ ရမည်

**ဖုန်း- ၀၉-၄၂၁၁၁၅၆၈၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ကိုကျော်ဝင်း၏ ပတ်စပို့ နံပါတ် ၈၈၅၉၀၂ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၅၁၉၈၅၇၇**

## ပျောက်ဆုံးခြင်း

ကျွန်တော်မောင်ဇော်လင်းထိုက် ပတ်စပို့နံပါတ် ၇၀၇၉၉၈ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၀၅၈၀၇**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၉**

| | | |
|---|---|---|
| မန်နေဂျာ | နှင့် | ၁။ ဒေါ်ကရီမာ |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဦးသန်းအောင် |
| ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | | အမှတ်(၁၁၄၃/ခ)၊ |
| ရန်ကုန်တိုင်းဒေသကြီး။ | | တပင်ရွှေထီးလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားနိုင်** | | **တရားရှုံးများ** |

ယခင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄၀/၂၀၀၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၁၂ခုနှစ် ဇွန် ၁၉ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်း တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း</u>**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ် ၁၁၄၃/ခ၊ ဧရိယာ ၀ ဒသမ ၀၂၇၅၈ဧက၊ ပေ (၂၀×၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေ (၁၈×၅၀) အောက်ထပ်သမံတလင်းခင်း၊ အုတ်ကာ၊ ကျောက်ပြားမျက်နှာကြက်ကပ်၊ လသာဆောင် ပေ (၁၂×၁၀)၊ အာရ်စီအိမ်မနှင့်တွဲလျက် အပေါ်ထပ်ပေ (၁၈×၅၀)၊ လျှာထိုးခင်း၊ လသာဆောင်ကွန်ကရစ်ခင်း၊ ကျောက်ပြားမျက်နှာကြက်ကပ်၊ အုတ်ကာ၊ သွပ်မိုး၊ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

**လေလံကြမ်းခင်းဈေးကျပ်သိန်း ၂၇၀။**

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသည့် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၂၀၁၂ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**ခင်သန်းကြည်**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး**

၁၆၀ ကျပ် ထဲနဲ့
NETWORK
ESPN နှင့် STARSPORTS
Premier League & FA Cup Live
ဖုန်းဆက်ရန် - 01-400 878

400 878 သို့ ဆက်သွယ်
10,000 ကျပ် တန်ကတ်
30 ခု




# လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နေ
ဦးသန်းညွန့် [ဒုစက်ရုံမှူး၊ အမှတ်(၁)၊ ဘိလပ်မြေစက်ရုံ၊ (တန်-၉၀၀)၊
မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း]-ဒေါ်မြင့်မြင့်ဆယ်တို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကြီးစိုးထွဋ်မြတ်သန်း**

**B.Sc (Maths:), (D.S.A), M.E (Tech:) (MSMU, Russia)**
**Ph.D (MSMU, Russia)**
**လ/ထ ကထိက (အသုံးချသင်္ချာဌာန၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၁)နေ
ဒေါက်တာစိန်မြင့် Managing Director (Techno Visions Co.,Ltd.)
(ရန်ကုန်ဆေးခန်း)-ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်မြင့်မြင့်ချို (အထက်တန်းရှေ့နေ)
(လှိုင်ရတနာအထွေထွေအထူးကုဆေးခန်း)တို့၏သမီးကြီး

**မသက်စုဖြိုး(ခ)မဟေမာန်ဖြိုး**

**DCS (NCC, UK), ADCS (NCC, UK)**
**Professional Diploma in Information Systems**
**(Informatics Academy, S'pore)**
**B.B.A (Yangon Institute of Economics)**
**B.Sc (Hons:) Business Computing & IT (University of Wales, UK)**
**Director (Green Land Real Estate)**

တို့၏ ၁၈-၅-၂၀၁၂ရက် (သောကြာနေ့)တွင် Sedona Hotel (Dagon Room) ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့လည်းကောင်း၊ ၁၉-၅-၂၀၁၂ရက် (စနေနေ့)တွင် Traders Hotel(Myanmar Ball Room) ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့လည်းကောင်း၊ ၂၃-၅-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)တွင် Royal Reward Resort Hotel (ပြင်ဦးလွင်)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားနှင့် Wood Land Restaurant ၌ ကျင်းပသော မင်္ဂလာညစာစားပွဲများသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများ၊ ဆရာဝန်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းနှင့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော လူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ညီအစ်ကို၊ ညီအစ်မ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးစိုးထွဋ်မြတ်သန်း-မသက်စုဖြိုး**

**ကားကောင်းသန့်စီးလိုသူများ**
အတွက်
Honda Insight 2009(M)
(Hybrid)အဖြူရောင်၊ Grade(6A)
**1600 KM၊ ကျပ်သိန်း ၂၅၀။**
**ဖုန်း-၀၉-၅၁၇၅၇၇၆**

**အမည်ပြောင်း**
ဒေါ်လွင်လွင်ကြူ ၇/ပမန(နိုင်)၁၁၃၈၁၄၏သမီး အထက(၁) ပြည်မြို့ သတ္တမတန်း(E)မှ ပညာသင်ကြားမည့် မစုစီကျော်နိုင်ဦးအား မဂျူးစက်ဟေကိုဟု ပြောင်းလဲခေါ်ပါရန်။ **မဂျူးစက်ဟေကို**

**အမည်ပြောင်း**
ဘားအံမြို့ လလစ(၁၅၁)တပ်ခွဲနေ ဦးစိုးအောင်၏သမီး မနွယ်နွယ်ထွေး ၃/ဘအန(နိုင်)၂၃၄၂၁၉ ကိုင်ဆောင်သူအားမယွန်းမေလေးနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းမေလေးနွယ်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၀၄၄/ခ၊မြေကွက်တည်နေရာအမှတ် ၁၀၄၄/ခ၊ဒေဝဒဟလမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ထွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတင်ထွေကွယ်လွန်သဖြင့် ဒေါ်ကျင်ဥ ၁၂/ဥကတ(နိုင်)၀၆၉၅၃၉ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၇၃၂/၁၂ / ၅-၄-၁၂ ဖြင့် လွှဲအပ်ခံရသူအထွေထွေကိုယ်စားလှယ် ဦးဟန်စန်း ၁၄/ငပတ(နိုင်)၀၈၅၆၄၅မှ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**အမည်ပြောင်း**
ဦးမောင်မောင်ဦး၏သား အမက(၂) (မှလွန်-လှိုင်)မှ မောင်ဉာဏ်မင်းထက်အား မောင်ဂင်္ဂါသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဂင်္ဂါသန့်**

**ဖခင်အမည်မှန်**
ဖျာပုံမြို့နယ်၊ သမိန်ထောကုန်းတန်း အလက(ခွဲ)တတိယတန်းမှ မချယ်ရီမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုမြင့် ၁၄/ဖပန(နိုင်)၁၀၅၈၇၄ ဖြစ်ပါကြောင်း။ **ဦးဝင်းကိုမြင့်**










**အမည်မှန်**
ဦးခင်မောင်နိုင်၏သမီး လှိုင်မြို့နယ် အလက(၇) အဌမတန်း(C)မှ မဝတ်မှုံသင်း၏ အမည်မှန်မှာ မဝတ်မှုန်သင်း ဖြစ်ပါသည်။ **မဝတ်မှုန်သင်း**

**ဥတုရာသီ တောကိုမှီ၏**

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

- ➢ လူတိုင်းအသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် မိမိကျန်းမာရေးအခြေအနေကို စစ်ဆေးသိရှိထားရန် အရေးကြီးပါသည်။
- ➢ မိမိကျန်းမာရေးအခြေအနေအား စစ်ဆေးသိရှိမှုနောက်ကျခဲ့ပါက ကုသရန်ခက်ခဲမည် ဖြစ်ပါသည်။
- ➢ ကျန်းမာရေးအခြေအနေကို အချိန်မီစစ်ဆေးသိရှိနိုင်ရန် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ အောက်ပါကျန်းမာရေးစစ်ဆေးခြင်းများအား သက်သာသောနှုန်းထားများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်-

## (က) အခြေခံကျန်းမာရေးစစ်ဆေးခြင်း (၂၆)မျိုး (Silver)

- ကိုယ်ခန္ဓာအစိတ်အပိုင်းအသီးသီး၏ လုပ်ဆောင်ချက်များကို သိရှိနိုင်ရန် သွေးတွင်းဓာတ်များ စစ်ဆေးခြင်း (၁၈) မျိုး
- ဆီး၊ ဝမ်း စစ်ဆေးခြင်း (၂) မျိုး
- မျက်စိ/သွား/နားအကြား စစ်ဆေးခြင်း (၃) မျိုး
- ရင်ဘတ်ဓာတ်မှန်၊ တီဗွီဓာတ်မှန်၊ ECG စစ်ဆေးခြင်း (၃) မျိုး

## (ခ) အဆင့်မြင့်ကျန်းမာရေးစစ်ဆေးခြင်း (၄၂)မျိုး (Gold)

* အခြေခံကျန်းမာရေး စစ်ဆေးခြင်း (၂၆)မျိုးအပြင်
- အသည်းလုပ်ဆောင်ချက် အဆင့်မြင့်စစ်ဆေးခြင်း (၃) မျိုး
- အရိုး၊ အဆစ် ရောဂါရှိ/မရှိ အဆင့်မြင့် စစ်ဆေးခြင်း (၄) မျိုး
- လည်ပင်းကြီး ရောဂါရှိ/မရှိ အဆင့်မြင့် စစ်ဆေးခြင်း (၃) မျိုး
- ကင်ဆာဇီဝအမှတ်အသားများ စစ်ဆေးခြင်း (၆) မျိုး

## (ဂ) အထူးအဆင့်မြင့်ကျန်းမာရေးစစ်ဆေးခြင်း (၄၅)မျိုး (Diamond)

* အခြေခံနှင့် အဆင့်မြင့်ကျန်းမာရေး စစ်ဆေးခြင်း (၄၂)မျိုးအပြင်
- Echocardiogram(နှလုံးတီဗွီဓာတ်မှန်)၊ Tread Mill Examination (အဆင့်မြင့် နှလုံးရောဂါ ရှာဖွေစမ်းသပ်ခြင်း)၊ Mammogram(ရင်သားဓာတ်မှန်ရိုက်ခြင်း)

- ➢ အထက်ဖော်ပြပါ ကျန်းမာရေးစစ်ဆေးမှုများအပြင် အထူးကုဆရာဝန်ကြီးများဖြင့် တိုင်ပင်ဆွေးနွေးပြီး လိုအပ်လျှင် CT(အဆင့်မြင့်ကွန်ပျူတာဓာတ်မှန်စက်)၊ MRI(သံလိုက်စက်ကွင်းသုံး ပုံရိပ်ဖော်စက်)၊ Fluroscope(အဆင့်မြင့်ဓာတ်မှန်စက်)၊ Endoscope(အစာအိမ်အူလမ်းကြောင်းကြည့်မှန်ပြောင်း)၊ Laparoscopic Surgery(ခေတ်မီအပေါက်ဖောက် အဆင့်မြင့် ကုသခြင်း)တို့အား အသုံးပြုကာ ရောဂါတစ်မျိုးချင်းကိုလည်း ရှာဖွေကုသပေးလျက် ရှိပါသည်။
- ➢ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ လာရောက်၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသမှုခံယူသူများအတွက် အစစအရာရာ စိတ်ချမ်းမြေ့စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
- ➢ ***ဆက်သွယ်စုံစမ်းရန် - ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၅၅၀၁၄၂၊ ၀၆၇-၅၅၀၁၅၀၊ ၀၆၇-၅၅၀၁၅၃၊ ၀၉-၇၃၁၆၆၈၀၇၊ ၀၉-၄၉၂၀၅၄၅၄***

---

## မြန်မာ့ရုပ်ရှင်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲရှိ အသုံးမလိုပစ္စည်းဟောင်း ၂၄၅မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံများကို ၁၁-၆-၂၀၁၂ ရက်မှ ၁၅-၆-၂၀၁၂ ရက်အတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲ၊ အမှတ်(၂၁)(ဆ) မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်သို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ၁၅-၆-၂၀၁၂ရက် ၁၃း၀၀နာရီအတွင်း တင်ဒါရောင်းချမည့်အဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ ရောင်းချမည့် ပစ္စည်းဟောင်း ၂၄၅မျိုးအား အထက်ပါလိပ်စာတွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**
ဖုန်း-၅၃၆၀၃၀၊ ၅၄၄၉၁၇

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၁၇၊ မြေကွက်တည်နေရာ အမှတ် ၂၁၇၊ ဘရဏီလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဦးအေးမောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်နှင့် ဇနီး ဒေါ်လှမြင့်ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးဝင်း ၁၂/ဥကတ(နိုင်)၀၄၉၈၇၁ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း(ဂျပန်လမ်း၊ အမှတ် မ/၉၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀/B)၊ မြေကွက်အမှတ် ၂/၃/၄၊ မြေဧရိယာ ၅ ဒသမ ၇၄၇ ဧကရှိ လ/န ၃(ခ)အိမ်ရာမြေ မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်(ပေ ၄၅၀×ပေ ၁၈၀)အကျယ်အဝန်းရှိ မြေကွက်အနက် ထပ်မံမခွဲစိတ်ရသေးသည့် အလျား ၁၁၂ပေ×အနံ၁၁၂ပေခန့်အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူထားသူ ဒေါ်သီတာလွင် ၁၂/မရက(နိုင်)၀၆၀၃၇၇၊ ဒေါ်နန္ဒာစောနိုင် ၈/ပခက(နိုင်) ၁၄၆၀၀၃ တို့ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်ဝင်း**
**B.Sc, H.G.P, R.L, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၂)**
**အမှတ် ၄၀(ငါးလွှာ)၊ သာခုလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့**


















## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၁၃၊ ပုဇွန်တောင်မြို့နယ်နေ ဦးရဲထွန်း-ဒေါ်သန်းသန်းမြင့်တို့၏သားငယ်၊ မောင်ရဲသူရထွန်း B.E(Mechanical) ၏ညီ၊

**မောင်အောင်သူရထွန်း(ခ) မြတ်မင်းခန့်**
**B.A(English)**
**Japan Bright Wing Co., Ltd.**
**(General Manager) ခေတ္တဂျပန်(တိုကျို)**

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးကြီးဝင်းနိုင်-ဒေါ်နှင်းဆီတို့၏ တစ်ဦးတည်းသောသမီး၊ မောင်ကောင်းမြတ်နိုင် D.S.M.A(Final Part II) ၏ အစ်မ၊

**မဖြိုးသဉ္ဇာနိုင်(ခ)ဝိုင်းချစ်ပို**
**B.A(Myanmar),**
**Jishugakkan Diploma in Japan, University of Business School in Japan (2nd Year)**
**ခေတ္တဂျပန်(တိုကျို)**

တို့သည် ၅-၅-၂၀၁၂ ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် တိုကျိုမြို့၊ Itabashi မြို့နယ်၊ (Itabashi Kuyakusyo) ရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**မောင်အောင်သူရထွန်း-မဖြိုးသဉ္ဇာနိုင်**







ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) အမျိုးသားပြတိုက်(ရန်ကုန်) အထွေထွေမွမ်းမံပြင်ဆင်ခြင်း
(ခ) စစ်တွေဗုဒ္ဓပြတိုက် အထွေထွေမွမ်းမံခြင်း
(ဂ) စစ်တွေ ယဉ်ကျေးမှုပြတိုက် အထွေထွေမွမ်းမံခြင်း
(ဃ) စစ်ကိုင်း ဗုဒ္ဓပြတိုက် အထွေထွေမွမ်းမံခြင်း
(င) စစ်ကိုင်းဌာနခွဲရှိ နှစ်ခန်းတွဲအရာရှိ အိမ်ရာတည်ဆောက်ခြင်းနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း
(စ) တောင်ကြီးပြတိုက်နှင့် စာကြည့်တိုက် အထွေထွေမွမ်းမံခြင်း
(ဆ) ညောင်ရွှေဗုဒ္ဓပြတိုက် အထွေထွေမွမ်းမံခြင်း
(ဇ) လှိုင်ကော်ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် အထွေထွေမွမ်းမံခြင်း

**တင်ဒါရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၂ရက်မှ ၁၈-၆-၂၀၁၂ရက်
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၂ရက် နံနက် ၁၁နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်း၍ တစ်စောင်လျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန**
**(နေပြည်တော်)**
**ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၈၃-၂၁၃၀၇(လှိုင်ကော်ဌာနခွဲ)**



## ဖခင်အမည်မှန်

ယင်းမာပင်မြို့၊ အထက၊ ဆဋ္ဌမတန်း(ဃ)မှ မောင်မင်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးကြွယ်(ခ)ဦးထွန်းမင်းသိန်း ၅/ယမပ(နိုင်)၀၄၇၀၈၉ ဖြစ်ပါသည်။ **ဦးကြွယ်(ခ)ဦးထွန်းမင်းသိန်း**

## မိဘအမည်မှန်

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်နေ မောင်အောင်ခန့်ကို၏ မိဘအမည်မှန်မှာ ဦးတင်ဟန်-ဒေါ်တင်တင်ခိုင် ဖြစ်ပါကြောင်း။

## တိုက်ခန်းရောင်းရန်

စမ်းချောင်း၊ ဗဟိုလမ်းမ (အာရှတော်ဝင်အနီး) မြေညီ၊ ပထမထပ်၊ ဒုတိယထပ် သုံးထပ်တွဲ၊ ပေ(၁၂ ဒသမ ၅ × ၃၅) ပြင်ဆင်ပြီး၊ အသင့်နေရုံ၊ ရုံးခန်းဖွင့်ရန်သင့်တော်။

**ကျပ်သိန်း ၁၁၀၀။**

**ဖုန်း-၀၉-၇၃၄၉၁၀၀၀**

## SUPER COOL AIR-CON

အဟောင်းအပျက်များကို စျေးကောင်းပေးဝယ်ခြင်းနှင့် အဟောင်းအသစ် လဲလှယ်တပ်ဆင်ပေးခြင်းများကို စျေးနှုန်းတိကျ မှန်ကန်စွာဖြင့် အမြန်ဆုံးဝန်ဆောင်မှုပေးနေပါသည်။

**ကိုဖိုးချိုနှင့်အဖွဲ့**
**ဖုန်း-၀၉-၄၉၃၁၆၁၄၀၊ ၀၉-၇၃၁၈၇၃၇၅၊ ၇၀၆၃၅၆**






အာကာသသိပ္ပံ အာကာသသိပ္ပံ



# နေဂြိုဟ်တွင် အလင်းစက်ဝန်းဖြစ်ပေါ်နေ

နယူးယောက် ဇွန် ၇

နေဂြိုဟ်ကိုစောင့်ကြည့်လေ့လာနေသော အာကာသယာဉ်မှ ပေးပို့သည့် ဓာတ်ပုံများအရ နေဂြိုဟ်တွင်အလွန်ကြီးမားသော အလင်းတန်းစက်ဝန်းကြီးတစ်ခု ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်ဟု နာဆာအာကာသသိပ္ပံပညာရှင်များက ဇွန် ၅ ရက်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါအလင်းစက်ဝန်းကြီးသည် နေဂြိုဟ်၏အလင်းတန်းများထွက်ပေါ်ရာနေရာတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အလယ်ဗဟိုတွင် အနက်ရောင်ဖြစ်ပေါ်နေသဖြင့် နေဂြိုဟ်မျက်နှာပြင်၏တွင်းနက်ကြီးတစ်ခုသဖွယ် တည်နေသည်ဟုနာဆာသိပ္ပံပညာရှင်များက သုံးသပ်လျက်ရှိသည်။

နေဂြိုဟ်ပေါ်တွင် ထိုသို့ဖြစ်ပေါ်နေသည့်မြင်ကွင်းမှာ ဆင်ကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းသဖွယ်မြင်တွေ့ရပြီး နေဂြိုဟ်မျက်နှာပြင်၏ ထူးခြားပြောင်းလဲမှုဖြစ်စဉ်များ အမြဲတမ်းဖြစ်ပေါ်နေတတ်သည်ကို ပြသခြင်းတစ်ရပ်လည်းဖြစ်သည်ဟု ၎င်းတို့ကပြောကြားသည်။

၎င်းအလင်းစက်ဝန်းကြီးကို နေဂြိုဟ်၏ဝင်ရိုးစွန်းတွင် တွေ့မြင်ရခြင်းဖြစ်ပြီး နေဂြိုဟ်မျက်နှာပြင်အပေါ်ယံတွင် အလင်းတန်းဖြာထွက်မှုအနေအထားကို ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်ဟု နာဆာသိပ္ပံပညာရှင်များက ယူဆလျက်ရှိသည်။

နေဂြိုဟ်ပေါ်တွင် ထိုသို့အလင်းစက်ဝန်းဖြစ်ပေါ်နေမှုကြောင့် နေဂြိုဟ်အလင်းတန်းများမှတစ်ဆင့် အရောင်မဲ့ဓာတ်ငွေ့တိမ်တိုက်များ ဖြစ်ပေါ်လာနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည်–စုစည်းသည်



# စနေဂြိုဟ်၏ အရံလတစ်စင်းပေါ်တွင် အပြာရောင်အလင်းတန်းနှင့် ဓာတ်ငွေ့များ ထွက်ပေါ်နေ

ဝါရှင်တန် ဇွန် ၇

စနေဂြိုဟ်၏ အရံလတစ်စင်းဖြစ်သော ဂေးဆာပေါ်တွင် အပြာရောင်အလင်းတန်းနှင့်ဓာတ်ငွေ့များ ထွက်ပေါ်နေသည်ကို တွေ့မြင်နေကြောင်း စနေဂြိုဟ်၏အရံလများကို လေ့လာရန်စေလွှတ်ထားသည့် ကတ်စီနီအာကာသလေ့လာရေးယာဉ်မှ သတင်းနှင့်ဓာတ်ပုံမှတ်တမ်းများပေးပို့မှုအရသိရှိရကြောင်း နာဆာသိပ္ပံပညာရှင်များက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ အရံဂြိုဟ်လ၏ မျက်နှာပြင်အစွန်းပိုင်းတွင် တောက်ပသော အပြာရောင်အလင်းတန်းနှင့် ဓာတ်ငွေ့များ အဆက်မပြတ်ထွက်ပေါ်နေမှုကို ထင်ရှားစွာမြင်တွေ့ရကြောင်း၊ ဓာတ်ငွေ့ပိုက်မှ အဆက်မပြတ်ထွက်ပေါ်နေသည့် ပုံသဏ္ဍာန်ကဲ့သို့ ဖြစ်ပေါ်နေကြောင်း ၎င်းတို့က ပြောကြားသည်။

ယခုတွေ့ရှိမှုသည် အရောင်မဲ့ဓာတ်ငွေ့ဖြစ်တည်မှုအခြေခံသဘောတရားကို ဆက်စပ်လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းဓာတ်ငွေ့များထွက်ပေါ်နေသည့် အနီးတစ်ဝိုက်တွင် သံလိုက်စက်ကွင်းများလည်းဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**ပြောကြား**

ယခုအခါ ကတ်စီနီလေ့လာရေးယာဉ်သည် စနေဂြိုဟ်၏ အရံလတစ်စင်းဖြစ်သည့် ဂေးဆာ၏မျက်နှာပြင်ပြောင်းလဲမှုနှင့် အဆိုပါဓာတ်ငွေ့များထွက်ရှိနေမှုတို့ကို အနီးကပ်ဆက်လက်လေ့လာလျက်ရှိသည်။ နေစကြဝဠာရှိအခြားဂြိုဟ်နှင့် ကြယ်တာရာများတွင် ယင်းသို့ဓာတ်ငွေ့ထွက်ရှိမှုနှင့် အပြာရောင်အလင်းတန်းများထွက်ရှိမှု အနေအထားမရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့အပြင် စနေဂြိုဟ်၏ အရံလဖြစ်သည့် ဂေးဆာမျက်နှာပြင်ပေါ်တွင် လျှပ်စစ်စက်ဝန်းများလည်းဖြစ်ပေါ်လျက်ရှိရာ ယင်းလျှပ်စစ်စက်ဝန်းအတွင်း လျှပ်စစ်လှိုင်းများ၏ ဖြာထွက်မှုအနေအထားကိုလည်း ကတ်စီနီလေ့လာရေးက ဆက်လက်သုတေသန ပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**

# ပုဂ္ဂလိကအာကာသလေယာဉ်သစ် စတင်စမ်းသပ်ပျံသန်း



*ဒန်ဗာ ဇွန် ၇*

***အာကာသသို့စေလွှတ်မည့် ပုဂ္ဂလိက အာကာသလေယာဉ်သစ်တစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့စမ်းသပ်ပျံသန်းရာတွင် အကြီးစားရဟတ်ယာဉ်တစ်စင်းက ၎င်းယာဉ်ကို ကြိုးများဖြင့် ဆိုင်းပြီး သယ်ဆောင်ကာ လေထုအထက်ပိုင်း၌ လွှတ်လပ်စွာပျံသန်းစေခဲ့ခြင်းဖြစ်ကြောင်း နာဆာမှ ဇွန် ၅ ရက်၌ သတင်းထုတ်ပြန်သည်။*** *(ဝဲပုံ)*

*စမ်းသပ်ပျံသန်း*

***အမေရိကန်နိုင်ငံမှ ပုဂ္ဂလိကအာကာသယာဉ် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဆီရာရာနီဗားဒါးကုမ္ပဏီက ၎င်းအာကာသလေယာဉ်ကို တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ၎င်းလေယာဉ်ကို လေထုအတွင်းဖြတ်သန်းစဉ် တပ်ဆင်ထားသော ကိရိယာများ၊ စနစ်များ အလုပ်လုပ်နိုင်စွမ်းရှိမရှိနှင့် ခံနိုင်ရည်စွမ်းရည် ရှိမရှိ စမ်းသပ်ပျံသန်းစေခြင်း ဖြစ်သည်။***

***ဒရမ်ချာဆာဟု အမည်ပေးထားသော ၎င်းအာကာသလေယာဉ်ကို နိုင်ငံတကာ အာကာသယာဉ်မှူးများအား နိုင်ငံတကာအာကာသယာဉ်စခန်းသို့ တင်ဆောင်ပျံသန်းသွားနိုင်ရေးအတွက် လေ့ကျင့်ပျံသန်းစေခြင်းဖြစ်သည်။ ယခု လေယာဉ်သည် ပုဂ္ဂလိကကုမ္ပဏီများအတွက် အာကာသလေယာဉ်များထုတ်လုပ်ရာတွင် စံပြသဖွယ်ဖြစ်လာမည် ဖြစ်သည်။*** *(အင်တာနက်)*

အိုင်တီနည်းပညာ အိုင်တီနည်းပညာ အိုင်တီနည်းပညာ

# ဆမ်ဆောင်းနှင့်ဆိုနီ ခန်းလုံးပြည့်တီဗွီများ ဈေးအနိမ့်ဆုံး ချရောင်းပြီ

ဆိုးလ် ဇွန် ၇

ဆမ်ဆောင်းနှင့်ဆိုနီတို့သည် ကမ္ဘာ့အကြီးဆုံး ရုပ်မြင်သံကြားစက်များ အပြိုင်ထုတ်လုပ်နေသော ကုမ္ပဏီများဖြစ်သည်။ ခန်းလုံးပြည့်ကြီးမားလှသည့် HDTV များကို ဆမ်ဆောင်းနှင့် ဆိုနီတို့က ဈေးကွက်အပြိုင်ရှာဖွေကြရာမှာ ဈေးနှုန်းအနည်းဆုံးဖြင့် လျှော့ရောင်းနေပြီဖြစ်ကြောင်း သည်ဝေါလ်စထရိဂျာနယ်၌ရေးသားဖော်ပြထားသည်။

**ကျဆင်း**

အိတ်ချ်ဒီတီဗွီ (HDTV) ဈေးနှုန်းများသည် လွန်ခဲ့သောသုံးနှစ်က ဈေးနှုန်းအမြင့်ဆုံးရှိခဲ့ရာမှာ ဈေးနှုန်းများကျဆင်းသွားခဲ့သည်။ ၁၉၉၉ ခုနှစ်က HDTV တစ်လုံးလျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၄၄ ဒေါ်လာအထိရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က HDTV တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၅၄၅ ဒေါ်လာအထိ ကျဆင်းခဲ့သည်။

ဆမ်ဆောင်းနှင့် ဆိုနီတို့သည် HDTV ဈေးနှုန်းများ ၁၅ ရာခိုင်နှုန်းစီ လျှော့ချခဲ့သည်။ အခြားသော ရုပ်မြင်သံကြားစက်များ ထုတ်လုပ်သည့် အယ်လ်ဂျီ၊ ပင်နာဆိုးနစ်နှင့် ရှပ်တို့မှထုတ်လုပ်သော ရုပ်မြင်သံကြားစက်ဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။

အမေရိကန်ဈေးကွက်တွင် ဆမ်ဆောင်းမှ ထုတ်လုပ်သော HDTV များသည် လူကြိုက်အများဆုံး အမှတ်တံဆိပ်ဖြစ်သည်။ မကြာသေးမီက ကောက်ယူသော စစ်တမ်းအရ ဆမ်ဆောင်း HDTV များသည် ဆိုနီမှထုတ်လုပ်သော HDTV များထက် လူကြိုက်များသည်ဟု ဆိုသည်။ **(အောက်ပုံ)** **(အင်တာနက်)**



အာကာကျော် – စုစည်းသည်



# ကွေးနိုင်ဆန့်နိုင်သော ဖန်ပြားထုတ်လုပ် အနာဂတ်ဖုန်းများ ချိုးနိုင်၊ ခေါက်နိုင်မည်

နယူးယောက် ဇွန် ၇

အလွန်ပါးလွှာပြီး ကွေးနိုင်ဆန့်နိုင်သော ဖန်ပြားအမျိုးအစားသစ်ကို ဂေါ်ရီလာဂလတ်စ်ကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ၎င်းဖန်ပြားကို လောလောဆယ် မိုဘိုင်းလ်ဖုန်း မျက်နှာပြင်ဖန်ပြားများတွင် အသုံးပြုနေပြီဖြစ်သည်။

**ထုတ်ဖော်ပြသ**

အဆိုပါ ဖန်ပြားကို နယူးယောက်အခြေစိုက်ဂေါ်ရီလာဂလတ်စ်ကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး ဘော်စတွန်မြို့၌ ကျင်းပသော စက်မှုထုတ်ကုန်ပစ္စည်းပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည်။ **(ဝဲပုံ)** ၎င်းဖန်ပြားကို ထုတ်လုပ်လိုက်ခြင်းဖြင့် အနာဂတ်မိုဘိုင်းလ်ဖုန်းများကို ချိုးနိုင်၊ ခေါက်နိုင်သည့် မိုဘိုင်းလ်ဖုန်းများအဖြစ် ထုတ်လုပ်လာနိုင်တော့မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားခဲ့သည်။ စမတ်ဖုန်းများတွင်လည်း ၎င်းကွေးနိုင်ဆန့်နိုင်သော ပလတ်စတစ်ကော်ပြားများ အသုံးပြုနိုင်တော့မည်ဟု ဆိုသည်။ အဆိုပါ ဖန်ပြားလေးသည် ၀ ဒသမ ၀၅ မီလီမီတာအထိ ပါးလွှာသည်။ မိုဘိုင်းလ်ဖုန်းများနှင့် ကွန်ပျူတာကြီးများတွင် ၎င်းနည်းပညာသုံး ပလတ်စတစ်ကော်ပြားကို ထည့်သွင်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာသည်။ ပထမဆုံး ဂေါ်ရီလာဂလတ်စ်ကို ၂၀၀၇ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ယခုအထိ ၎င်းကုမ္ပဏီက ထုတ်ကုန်ပစ္စည်း ၅၇၅ မျိုး ထုတ်လုပ်ထားပြီဖြစ်သည်။ ကမ္ဘာကျော် အက်ပဲလ်ကုမ္ပဏီကို တီထွင်သူ စတိဗ်ဂျော့က ပထမဆုံးဖန်ပြားကို တီထွင်ထုတ်လုပ်ခဲ့သည်။ စတိဗ်ဂျော့စ်သည် ယင်းဖန်ပြားကို ထုတ်လုပ်ခဲ့ပြီးနောက် ၂၀၀၆ခုနှစ်တွင် ပထမဆုံးသော အိုင်ဖုန်းကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘာ့ကွန်ပျူတာတက်ဘလက်ဈေးကွက် အက်ပဲလ်ကုမ္ပဏီအများဆုံးရောင်းချခဲ့ရ

*နယူးယောက် ဇွန် ၇*



***အက်ပဲလ်ကုမ္ပဏီမှထုတ်လုပ်သော အိုင်ပက် (iPad)များသည် ၂၀၁၂ ခုနှစ်နှစ်ဆန်းပိုင်းမှစပြီး ကမ္ဘာ့ကွန်ပျူတာ တက်ဘလက်ဈေးကွက်ကိုဆက်လက်ဦးဆောင်လျက်ရှိသည်။ အမေဇုန် နည်းပညာကုမ္ပဏီမှ ထုတ်လုပ်သော Kindle Fire ကိုကျော်ဖြတ်ပြီး Tablet ကွန်ပျူတာဈေးကွက်ကို ဦးဆောင်လျက်ရှိသည်။ အက်ပဲလ်မှ ထုတ်လုပ်သော ipad များသည် ကမ္ဘာ့ဈေးကွက်၌ လူကြိုက်များလျက်ရှိသည်။*** *(ယာပုံ)*

*မြင့်တက်လာ*

***ယခုနှစ်ပထမသုံးလအတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တက်ဘလက်ကွန်ပျူတာ (Tablet Computer) များ ရောင်းချမှုသည် စုစုပေါင်း ၁၈ ဒသမ ၂ သန်းရှိခဲ့သည်။ ယင်းအရေအတွက်သည် ၂၀၁၂ ခုနှစ်မှစပြီး ၁၈၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့သော်လည်း ယခင်နှစ်ကုန်ပိုင်းသုံးလနှင့် နှိုင်းစာလျှင် ၃၃ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။***

***အက်ပဲလ် Tablet Computer များ၂၀၁၂ခုနှစ်ပထမသုံးလအတွင်း ဈေးကွက်တင်ပို့မှုမှာ ၁၁ ဒသမ ၈သန်းရှိခဲ့သည်။ ယင်းမှာ တက်ဘလက်ကွန်ပျူတာဈေးကွက်၏ ၆၅ ရာခိုင်နှုန်းရှိသည်။ အက်ပဲလ်ကုမ္ပဏီမှ တတိယမျိုးဆက် တက်ဘလက်ကွန်ပျူတာများထွက်ရှိလာခြင်းနှင့် ipad 2 ထွက်ရှိလာခြင်းကြောင့် Tablet ကွန်ပျူတာဈေးကွက်ကို မြင့်တက်သွားစေခဲ့သည်။ ထိုအတောအတွင်း ဆမ်ဆောင်းကုမ္ပဏီက တက်ဘလက်ကွန်ပျူတာအရောင်း ဒုတိယလိုက်သည်။ ဆမ်ဆောင်းက ထိုကာလအတွင်း တက်ဘလက်ကွန်ပျူတာ ၁ ဒသမ ၁ သန်းအထိ ရောင်းချခဲ့ရသည်။ ဈေးကွက်၏ ခြောက်ရာခိုင်နှုန်းမျှသာရှိသည်။ ကမ္ဘာ့ကွန်ပျူတာ တက်ဘလက်ဈေးကွက်တွင် အက်ပဲလ်နှင့်အတူ ဆမ်ဆောင်း၊ အမေဇုန်၊ ဒဲလ်၊ ဟောလက်နှင့် အယ်လ်ဂျီတို့ အားပြိုင်လျက်ရှိသည်။*** *(အင်တာနက်)*

8-6 (15).pmd 1 6/8/2012, 1:44 AM

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Bob Carr ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး H.E. Ms. Bronte Moules တက်ရောက်သည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ မြေပေါ်၊ မြေအောက် သယံဇာတများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များ၊ ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သိပ္ပံနှင့်နည်းပညာရပ်များ ပူးပေါင်းဖလှယ်ရေးဆိုင်ရာများ၊ ပညာတော်သင်များ စေလွှတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား လွှတ်တော်များ၊ အစိုးရနှင့် ပြည်သူလူထုများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မှုများပြုလုပ်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ ရှာရာပိုဗာတက်ရောက်

**ပါရီ ဇွန် ၇**

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၇ ရက်က ယှဉ်ပြိုင်ကစားရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ရှာရာပိုဗာက အက်စတိုးနီးယားတင်းနစ်မယ် ကာနေပီအားအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။



ရုရှား တင်းနစ်မယ် ရှာရာပိုဗာ **(ဝဲပုံ)**သည် ကာနေပီအား ၆-၂၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ရှာရာပိုဗာသည် ယခုပွဲ အနိုင်ရရှိရန် စုစုပေါင်း ပွဲချိန် ၇၄ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့အတူ အမျိုးသမီးကွာတားဖိုင်နယ် နောက်ထပ်ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ဗစ်တိုဗာနှင့် ကာဇက်စတန်တင်းနစ်မယ် ရှဗီဒိုဗာတို့ပွဲစဉ်တွင် ဗစ်တိုဗာက စာမျက်နှာ ၇ ကော်လံ ၃ ○

## နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်ကို နှစ်ဖက်အဆင်ပြေချိန် ညှိနှိုင်းပြီး သွားရောက်နိုင်ရေး စီစဉ်သွားမည်

**သတင်းထုတ်ပြန်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိကျင်းပမည့် (၂၁)ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်နှင့်ဆက်စပ်၍ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် နှစ်ဖက်အစိုးရချင်း ညှိနှိုင်းစီစဉ်ခဲ့ပါသည်။

သို့ရာတွင် အဆိုပါခရီးစဉ်ကို မိမိဘက်မှ အကြောင်းမညီညွတ်သဖြင့် ရွှေ့ဆိုင်းလိုက်ပါကြောင်း ထိုင်းအစိုးရဘက်သို့ ၂၇-၅-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ ၁-၆-၂၀၁၂ ရက်နေ့တွင်လည်းကောင်း အသိပေးအကြောင်းကြားခဲ့ပါသည်။

အထက်ပါ ခရီးစဉ်နှင့်ပတ်သက်၍ ၅-၆-၂၀၁၂ ရက်နေ့တွင် ထိုင်း နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆူရာပွန် တိုဗီချက်ချိုင်းကူလ်က နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တယ်လီဖုန်းဖြင့်ဆက်သွယ်ပြီး နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ် ရွှေ့ဆိုင်းခဲ့ရခြင်းအတွက် စိတ်မကောင်းပါကြောင်းနှင့် နှစ်ဖက်အဆင်ပြေချိန်တွင် ပြန်လည်၍ လာရောက်စေလိုပါကြောင်း ပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတအနေဖြင့် အဆိုပါရက်များအတွင်းတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ဖြစ်ပွားလျက်ရှိသော စက်ရုံ၊ အလုပ်ရုံအချို့မှ အလုပ်သမားများ၏ လုပ်ခလစာတိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုများ၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် လျှပ်စစ်မီး အပြည့်အဝရရှိရေး ဆန္ဒဖော်ထုတ်မှုများကို အေးချမ်းစွာ ဖြေရှင်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အာဏာပိုင်များ၏ ဆောင်ရွက်နေမှုများကို အနီးကပ် ကြီးကြပ်လမ်းညွှန်မှုပေးနိုင်ရန်အတွက် ပြည်တွင်း၌ရှိနေရန် လိုအပ်သဖြင့် ခရီးစဉ်ကို ရွှေ့ဆိုင်းရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံခရီးစဉ်ကို နှစ်ဖက်အဆင်ပြေချိန် ညှိနှိုင်းပြီး သွားရောက်နိုင်ရေးအတွက် စီစဉ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၇ ရက်**

## ၂၀၁၂ ခုနှစ် အမ်တီဗွီဆုများ ရွေးချယ်ချီးမြှင့်

## ရုပ်ရှင်မင်းသား ဂျွန်ဟက်ချာဆန်နှင့် မင်းသမီး ဂျင်နီဖာလောရင့်တို့ ဆွတ်ခူးရရှိ

ကိုသစ္စာ ရေးသားသည်

*လော့စ်အိန်ဂျလိစ် ဇွန် ၇*

*အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ကျင်းပသည့် ၂၀၁၂ ခုနှစ် အမ်တီဗွီဆုချီးမြှင့်ပွဲတွင် တစ်နှစ်တာ အကောင်းဆုံးရုပ်ရှင်ကားဆုကို The Twilight Saga; Breaking Down, Part-1 ဇာတ်ကား ရရှိသွားခဲ့ကြောင်း ဇွန် ၇ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။*

*ထို့အပြင် အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုအဖြစ် The Hunger Games ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသား ဂျွန်ဟက်ချာဆန်က ဆွတ်ခူးရရှိခဲ့သည်။ ရုပ်ရှင်မင်းသား ဂျွန်ဟက်ချာဆန်သည်*



ရုပ်ရှင်မင်းသမီး
ဂျင်နီဖာအင်နီစတန်

*ယင်းဇာတ်ကား၏ဇာတ်လမ်းနှင့် တစ်ထပ်တည်းကျအောင် ဇာတ်ကောင်စရိုက်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။*



ရုပ်ရှင်မင်းသမီး
ဂျင်နီဖာလောရင့်

*အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကိုလည်း The Hunger Games ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်*



ရုပ်ရှင်မင်းသား
ဂျွန်ဟက်ချာဆန်

*မင်းသမီး ဂျင်နီဖာလောရင့်က ဆွတ်ခူးရရှိခဲ့သည်။ ရုပ်ရှင်မင်းသမီး ဂျင်နီဖာလောရင့်သည်* စာမျက်နှာ ၇ ကော်လံ ၁ *

### မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ကမ္ဘာပေါ်တွင် အကြီးဆုံး ကုန်တင်လေကြောင်းလိုင်း တရုတ်ထူထောင်မည် စာ-၄

နှစ်သန်းပေါင်း ၁၂၈ သန်းရှိ ရှေးဦးရော်ဘဝသတ္တဝါကြီး၏ စာ-၅ ရုပ်ကြွင်းအား သုတေသနပြုဖော်ထုတ်





အင်္ဂလန်အသင်း ယူရိုပွဲနွှဲရန် စာ-၅ ပိုလန်သို့ရောက်ပြီ